
www.burmeseclassic.com

ဟာသ သရုပ်ဆောင်

# ကျော်ဟိန်း၏

လုံးချင်းဝတ္ထု

# တဲ...ဘာဖြစ်ချင်တာလဲ



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၂၀၈၀၂၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၅၆၂၀၉၀၉ |
| မျက်နှာဖုံးသရုပ်ဆောင် | - | ဟိန်းဝေယံ |
| မျက်နှာဖုံးဓာတ်ပုံ | - | မိုးလွင်ဟန် |
| မျက်နှာဖုံး ဒီဇိုင်း | - | ငိုမြတ်လင်း |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းမိုး (မြဲ - ၀၃၉၀၀) |
| | | ၈၈၊ ၃ထပ်(ယာ)၊ ၃၈လမ်း၊ ကျောက်တံတား။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးဝင်းကျော်ထွန်း (မုံရွေးပုံနှိပ်တိုက်) |
| | | ၈၀/၁၊ သံလွင်လမ်း၊ ဗဟန်း။ |
| အတွင်းဖလင် | - | ကိုဦးနှင့် ညီများ |
| စာအုပ်ချုပ် | - | ဝင်းပပ |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| | | ၂၀၀၉ခုနှစ်၊ အောက်တိုဘာလ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀၀ ကျပ် |

၈၉၅.၈၃

ကျော်ထူး

ကဲ... ဘာဖြစ်ချင်တာလဲ / ကျော်ထူး ။ - ရန်ကုန်။ တော်ဝင်မြို့မစာအုပ်တိုက် ၊ ၂၀၀၉ ။

၁၃၀ - စာ၊ ၁၃ စင်တီမီတာ × ၂၀.၅ စင်တီမီတာ။

(၁) ကဲ... ဘာဖြစ်ချင်တာလဲ




# အာ ခန်း ဝဋ်

## (၁)

မင်္ဂလာဈေးအကျော် လေးလမ်း မှတ်တိုင်။

ရုံးချိန်၊ ကျောင်းချိန်ဆိုတော့ ထုံးစံအတိုင်း ပုရွက်ဆိတ်အုံကို တုတ်နဲ့ ထိုးလိုက်သလို မှတ်တိုင်ကတခြား၊ ခရီးသည်တွေကတခြား၊ ဘတ်စ်ကားက တခြား၊ ရပ်ချင်တဲ့ နေရာရပ်၊ တက်ချင်တဲ့ နေရာ တက်ပေါ့။

မှတ်တိုင်မှာ နေပူမိုးရွာ နေလို့ရအောင် စေတနာရှင်တွေက အမိုးအကာလေးတွေလုပ်ပေးထားသော်လည်း ဂျာနယ်၊ ကွမ်းယာ၊ ရေခဲရေသည်တို့အတွက် ဆိုင်ခန်းဆောက်ထားပေးသလို ဖြစ်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပိုဆိုးတာက ထိုင်ခုံလေးတွေ လုပ်ထားပေးသော်လည်း စည်းကမ်းမဲ့သူတွေကြောင့် စုတ်ပြတ်သတ်ပြီး ထိုင်လို့မရသလိုရှိတဲ့၊ ထိုင်လို့ရတဲ့ ခုံလေးတွေကျပြန်တော့လည်း လမ်းဘေး အခြေမဲ့၊ အနေမဲ့ အရက်သမားတွေ၊ ကလေးတွေ၊ မိသားစုလိုက် သူတို့အိမ်၊ သူတို့ယာသဘောမျိုး နဲ့တောင်းစုတ်၊ အဝတ်စုတ်တွေနဲ့ လူမြင်မကောင်း သူမြင်မကောင်း အိပ်သူကအိပ်၊ ထိုင်သူကထိုင်နဲ့ဆို တော့ ခရီးသည်တွေ ပလက်ဖောင်းအောက်မှာ မတ်တတ်၊ မတ်တတ်ပေါ့။

အိမ်ကမထွက်ခင် ကိုယ့်ကိုယ်ကိုယ် စစ်ဆေးရပေမယ့် ဖိနပ်သဲကြိုးခိုင်၏၊ မခိုင်၏။ ပုဆိုးအပေါက်အပြဲလှည့်ပတ်ကြည့်၊ အပေါက်ပါသော်ခရီးသည်တစ်ဦးဦးထံက ထိုး (သို့မဟုတ်) ဆွဲခြင်း၊ ဘေးလွယ် အိတ်တစ်ခုခုနဲ့ငြိသော် ပြတတ်၏။ ချိုင်းစော်နံမနံ အပေါ်လက်တန်းအချိန် မည်မျှကြာကြာဆုပ်ကိုင်ထားနိုင်မနိုင်၊ တစ်ဖက်တည်းသန်လို့ မရ၊ ဘယ်ညာသန်မှ။

တစ်ဖက်ညောင်းရင် တစ်ဖက်ပြောင်း၊ မျက်စိလျင်ရမည်။ ထိုင်ခုံနေရာ၊ အလစ်သမားခါးပိုက်နှိုက်၊ ကောင်မချောချောလေး၊ ပြီးတော့အရပ်မြင့်အောင်ကြိုးစားမှ၊ ဒါမှ ကောင်မလေးတွေ ရင်ခွင်ထဲရောက်ရောက်လာမှာ။ အရပ်ပုရင်တော့ အပေါ်လက်ကိုင်တန်းကိုလည်း မမီ၊ ကောင်မလေးတွေရဲ့ချိုင်းအောက်ထဲ ရောက်နေမှာ။





ကလေးမှတ်ပြီး ဟိုလူဟောက်၊ ဒီလူဟောက်ခြင်းကို ခံရမည်။

အမိက ပုဆိုးကိုကျစ်ကျစ်လျစ်လျစ် နိုင်အောင်ဝတ်ပြီး အတွင်းခံဘောင်းဘီကို မမေ့မလျော့ အမြဲဝတ်ရမည်။ ဘတ်စ်ကား ထိုးအဆိုက်၊ ခုန်တက် ခုန်ဆင်းကျွမ်းကျင်ရမည်။ မှတ်တိုင်ကို အသံကျယ်ကျယ်ဖြင့် မရှက်မကြောက်အော်ဟစ်နိုင်ရမည်။ ရှက် သလိုလို ရွံ့သလိုလိုနှင့် မပွင့်တပွင့်အော်ရင် မှတ်တိုင် ကျော်ရပ်ပြီသာမှတ်။ စပယ်ယာပြန်အမ်း ငွေကို ဖာထေးဖို့အတွက် တိတ်အကြည်ဆောင်ထားရမည်။

ဟုတ်ပြီ။ ဒီလောက်ဆို ဘတ်စ်ကားစီးဖို့ ကျင့်သားရပြီ။ နေ့စဉ် မတ်တတ်ရပ်နိုင်အောင် ကြိုးစားပါ။ လက်နှစ်ဖက်ကို မြှောက်ထားနိုင်အောင် ကြိုးစားပါ။ အရာဝတ္ထုတစ်ခုကို စွဲစွဲမြဲမြဲကိုင်နိုင်အောင် ကြိုးစားပါ။ ပုဆိုးကျွတ်ခဲ့သည်ရှိသော် လက်တစ်ဖက်တည်းနှင့် ဝတ်တတ်နိုင်အောင်ကျင့်ပါ။

ကောင်မလေးတွေကတော့ မလိုအပ်၊ အဘယ်ကြောင့်ဆိုသော် ထဘီခေတ်မဟုတ်တော့၍ ဖြစ်ပါသည်။ ရှံဖန်ရံခါ သူတို့ ဒေါက်မြင့်ဖိနပ်တွေရဲ့ အနင်းမခံရအောင် တရုတ်သိုင်းကားတွေထဲကလို ခြေထောက်လို အရွှေ့အပြောင်းလေ့ကျင့်ထားဖို့ လိုအပ်ပါသည်။ ကားမှတ်တိုင်၌ မတ်တတ်ရပ် လေ့ကျင့်ခန်း နာရီဝက်ခန့် လုပ်ပြီးချိန်တွင်. . .။

"ဟော. . . ကားလာပြီ. . . အသင့်ပြင်"



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲက ကိုယ့်ဘာသာကိုယ်ပြောလိုက်ပြီး ငါးဖယ်တိုးတိုးပြီးဝင်လိုက်သည်။

"ရှေ့ကိုတိုးပေးပါ. . . ဆင်းမယ့်မှတ်တိုင်ဝေးရင် အလယ်လေးလောက်တော့ ရဲလေးတို့၊ ဂျေမီတို့ပုံစံလေးနဲ့ဝင်သွားပေးပါ. . ကားခလေးတွေ လက်လွယ်ရင် မပျက်ပြယ်သောမေတ္တာတရားနဲ့"

တစ်မှတ်တိုင်ပြီးတစ်မှတ်တိုင် အမျိုးသမီးသားဖွားဆေးရုံမှာ တစ်ယောက်ပြီးတစ်ယောက် တိုးတိုးလာတယ်။ ပိုပိုပြီးကျပ်ကျပ်လာတယ်။ သည်ကြားထဲ ဘယ်ကရောက်ရောက်လာမှန်းမသိတဲ့ လက်တစ်စုံ၊ ရင်ဘတ်ပေါ်ရောက်လိုက်၊ ခါးနားရောက်လိုက်၊ ပုဆိုးခါးပုံစနား ရောက်လိုက်နဲ့ လှည့်ကြည့်လို့ကလည်းမရ။

တစ်ခါတစ်ရံ နောက်က သိုင်းဖက်ထားလိုက်သေး။ တစ်ကိုယ်လုံးများ မီးသတ်ဆေးဗူးဖျန်းလာသလားမှတ်ရတယ်။ ဘော်ဒီစပရေးနံ့က ကားတစ်စီးလုံးအနံ့တွေ ထွက်နေတယ်။

"နောက်ကလူ. . ဟိုဘက်လှည့်ပြီး တန်းကိုကိုင်လေဗျာ"

ဘာသံမှပြန်မကြားရဘူး။ နေရာရွှေ့လိုက်တယ်။ တစ်အောင့်လောက်အကြာ ဘယ်လိုရွှေ့လာတယ် မသိဘူး။ နောက်ကို ရောက်လာပြန်ရော။ ခါးပိုက်နှိုက်များလား။ စဉ်းစားစရာ။

ရုံးဖိုင်တွဲထည့်ထားတဲ့လွယ်အိတ်ကို ရှေ့ပို့လိုက်ပြီး လက်တစ်ဖက်နဲ့ ဖိထားလိုက်တယ်။ ရှေ့





ရောက်လိုက်၊ နောက်ရောက်လိုက်၊ အလယ်ရောက်လိုက်နဲ့ နောက်ကလူကလည်း ထိုနည်းလည်းကောင်း။ မဟာဗန္ဓုလပန်းခြံလမ်းမှတ်တိုင်ရောက်တော့မှ အသက်ရှူချောင်သွားတယ်။ ထိုင်ခုံလည်းရပြီလေ။ သည်တော့မှ နောက်ကလူကိုကြည့်မိလိုက်တယ်။

"ဘာကြီးလဲဟ . . နှုတ်ခမ်းနီတွေ၊ လက်သည်းနီတွေနဲ့ . . နယ်ခေါ်သွားပြီး ကျောက်ထုခိုင်းရမယ်"

မျက်နှာလွှဲလိုက်တော့ ဆံပင်ကတိုတို၊ ကိုရီးယားကောနဲ့ အတွင်းကတီရှပ်အပြာရောင်နုနု၊ အပြင်မှာ ရှပ်လက်တိုအကွက်စိပ်၊ အောက်ကဂျင်းဘောင်းဘီ ယောကျ်ားမကျ၊ မိန်းမမကျ။ ဒီနေ့မှ ဒီကားပေါ်မှာ ဘာတွေမြင်တွေ့နေရပါလိမ့်လို့ အကြည့်ကျော် တွေးမိလိုက်တယ်။

တစ်ယောက်က ယောကျ်ားတန်မဲ့ ဗလငါးတန်ပြည့်စုံလျက် လက်သည်းနီ၊ခြေသည်းနီ မိတ်ကပ်လိမ်းပြီး နွဲ့နေသော တစ်ခြမ်းပဲ့။ အဲ. . သူ့ထက်စာရင်တော့ မင်းဆုပန်ယောကျ်ားထက် အလေးသာတဲ့ ယောကျ်ား အသွင်၊ ယောကျ်ားအမြင်၊ ယောကျ်ား ဟန်ပေါက်နေတဲ့ ယောကျ်ားလျာ။

ဒါပေမဲ့လို့ သဘာဝဟာ သဘာဝပါပဲ။ သဘာဝကိုကျော်လွန်တဲ့အရာဟာ ဘယ်ဟာမှမကောင်းသလို နိယာမဆိုတဲ့ဝေါဟာရ စကားလုံးတွေကို ရိုက်ဖျက်ချိုးဖောက်လိုက်သလိုမျိုး။



www.burmeseclassic.com

www.burmeseclassic.com





"ထိုင်မလား. . . ထပေးမယ်လေ"

"နေဘူး . . . ငါ့ကျတော့ အနားတောင် ကပ်မခံဘူး . . . ဟွန့်"

တစ်ခြမ်းပဲ့ကြီးက အကြည်ကျော်ကို လှမ်းပြောတော့ ဘေးက လူတွေပြုံးစိစိ။

"ရပါတယ် မထိုင်တော့ပါဘူး. . . ရန်လုပ်ခံနေရဦးမယ် . . ထမင်းချိုင့်လေးပဲ ခဏယူထားပေးပါ"

"အဟော်. . . ရပါတယ်. . . ပေး ပေး"

လှမ်းယူပြီး ပေါင်ပေါ်တင်လိုက်တော့ . . .

"အား. . . . ပူတယ်"

"ဆောရီးဗျာ. . . နော်"

ကမန်းကတန်း ရှုံ့ဖိုင်ပေါ်တင်လိုက်သည်။ အဲသည်လိုနှင့် ကျပ်သွားလိုက်၊ ချောင်သွားလိုက်၊ ရှေ့ရောက်လိုက်၊ နောက်ရောက်လိုက်နှင့် ဘယ်ရောက်သွားမှန်းမသိတော့ဘူး။ လူတွေကြားထဲ ဟိုရှာဒီရှာလုပ်တော့လည်းမတွေ့။ ချိုင့်မေ့ပြီး ဆင်းသွားပြီလားမသိ။ အမှန်က ကောင်မလေးက ဆင်းသွားပြီ။ ပြတင်းပေါက်က ချိုင့်လာပြန်တောင်းတာ အရပ်ကမမီ၊ ကားကမြင့်၊ ပြီးတော့ မှန်ကအလုံဖြစ်နေတာ။ သူ့ခမျာ ခုန်ဆွ၊ ခုန်ဆွနဲ့ အော်တောင်းနေရတာ။ အကြည်ကျော်ကလည်း ကျောပေးပြီးထိုင်ကာ လိုက်ရှာနေတော့ ဘယ်လာတွေ့ပါ့မလဲ။ ကားထွက်သွားတဲ့အထိ ကောင်မလေးပြေးလိုက်နေသေးတယ်။







တော်တော်ဝေးဝေးရောက်မှ မှတ်တိုင်ပြန်လာပြီး ဒေါ်တွေကန်ကာ ပေါက်ကွဲနေတော့သည်။

"အလကား. . . အချောင်သမား . . . ကူညီသလိုလိုနဲ့ ငါ့စတီးချိုင့် မ,သွားတယ် . . . တွေ့မယ် . . . ချစ်ထူးငယ်တဲ့ . . မြေလှန်ရှာပြမယ် . . အဟင့် . . . ခုလောလောဆယ် ငါထမင်း ငတ်ပြီ. . ."

"တောက် . . ."



www.burmeseclassic.com

www.burmeseclassic.com



# အာ

# ခန်း

# ဝင်

## (၂)

"ပဲခူးမြို့မှ လိုက်လှဲစွာကြိုဆိုပါသည်"

ဆိုင်းဘုတ်လေးတွေ့လိုက်ရတော့ မှတွေး လက်စအတွေးတွေ ပျောက်ကွယ်သွားတော့သည်။

သူ့ခမျာ ဘယ်လောက်များ ဗိုက်ဆာနေ လိုက်မလဲ။ သူ့ စတီးချိုင့်လေးကို ဘယ်လိုများပြန် ပေးရမလဲလို့ စဉ်းစားနေတာ တစ်ပတ်ကျော်နေ ပြီ။ ပြီးတော့ ကုမ္ပဏီကိစ္စနှင့် ပဲခူးကို သွားချည် လာချည် လုပ်နေရတော့ မြို့ထဲကရုံးခန်းကို မ ရောက်ဘူးဖြစ်နေသည်။

စတီးချိုင့်ပိုင်ရှင်လေး လာသမျှသော လိုင်း ဘတ်စ်ကားတွေကို တစ်စီးပြီးတစ်စီး စောင့်မျှော် ရှာဖွေနေလေမလားပေါ့။

ဟယ်. . တတ်နိုင်ပါဘူး။

အကြည်ကျော် သက်ပြင်းရှည်ကြီးကိုချ လိုက်ပြီး ကျောပိုးအိတ်ထဲက စတီးချိုင့်လေးပြန် ထုတ်ကြည့်လိုက်တော့ . . .







"ငယ်" တဲ့။

ချိုင့်ကိုင်းလေး ဘေးတစ်ဖက်တစ်ချက်မှာ ဆေးနီလေးနှင့် ရေးထားတာတွေ့လိုက်ရသည်။ ရင်ခွင် ထဲပိုက်ထားလိုက်တော့ ဘေးကထိုင်နေသည့် မိုးကျော် မျက်နှာကြီး ရှုံ့မဲ့ပြီး . . .

"စတီးချိုင့်မို့ တော်သေးတယ်. . သတ္တု ချိုင့်သာဆိုရင် သုံးရတော့မှာမဟုတ်ဘူး. . . ခဏ ခဏ ထုတ်ကြည့်လိုက် ပြန်သွင်းလိုက်နဲ့ ပိန်လိမ်နေ လောက်ပြီ. . . အရပေါင်ဆုံးဆိုင်ကများ နေ့သွင်းနဲ့ ဝယ်လာသလားမသိဘူး"

ဟိုလူပြောသလိုလို ဒီလူပြောသလိုလိုနှင့် အကြည်ကျော် ကျောပိုးအိတ်ထဲပြန်ထည့်မယ် အလုပ် ကားက ချိုင့်တစ်ခုထဲ ဘီးကျသွားတယ်ထင် ပါရဲ့။

"ဒိုး"

"အ"

"ဒေါင်"

"အမရေး. . တေပါပြီဗျာ"

ဘေးက တစ်လမ်းလုံးငိုက်လာတဲ့ ကျော် ဆန်းဝင်း၏နဖူးနှင့် အကြည်ကျော်၏စတီးချိုင့်လေး မဟာမိတ်ဖွဲ့လိုက်သည်။

"ဟော့ကောင်. . အရှူး. . ထုတ်ပြန်ပြီလား ဒီချိုင့်. . .

အား ကျွတ် ကျွတ်. . . မင်းကွာ"

"ထုတ်တာမဟုတ်ပါဘူး. . . သိမ်းမလို့



www.burmeseclassic.com

www.burmeseclassic.com



လုပ်တုန်း ကားကဆောင့်လိုက်လို့ပါ. . ဆောရီးကွာ
. . မှန်း . . တော်တော်နာသွားလား"

ညာဘက်လှည့်ပြီး သူ့နဖူးကိုစမ်းမယ် အလုပ် ပေါင်နှစ်လုံးကြားထဲက ကိုရွှေစတီးချိုင့်က လျှောခနဲကျသွားပြီး . . . .

"ဒုတ်"

"အမရေး. . . တေပြန်ပြီဟ"

ကျော်ဆန်းဝင်းရဲ့ ဘယ်ဘက်ခြေဖမိုးပေါ် တည့်တည့်မှ တည့်တည့်။ ရေချိန်ကိုက် တစ်လက်မ စကေးမရွေ့ဘူး။

ဒေါသတကြီးနဲ့ ထလိုက်တော့ အပေါ်က ကားအမိုးနဲ့ . . . .

"ထုံး"

"အ. . မ. . ရေး. . ."

ဖင်ထိုင်လျက်ပြန်ကျပြီး ခွေခနဲလဲကျသွားသည်။

ကားပေါ်ပါလာတဲ့လူတွေ ဘာလုပ်လို့လုပ်ရမှန်းမသိပေ။ နဖူးဒဏ်ရာကို အရင်ပြုစုရမှာလား၊ ခြေထောက်ကိုပဲ ပြုစုရမှာလား။ ငယ်ထိပ်ကိုပဲ ကျပ်ပူတိုက်ပေးရမှာလား။ ပျာယာခတ်ပြီး ဘာလုပ်ရမှန်းမသိ။

မိုးကျော်က မျက်နှာချင်းဆိုင်ဆိုတော့ ရှေ့ကိုကုန်းလိုက်ပြီး ဆွဲထူမည်အလုပ် မိုးကျော်၏ လက်တစ်ဖက်က ကျော်ဆန်းဝင်း၏ ပေါင်ခွကြားထဲ လက်ထောက်မိရက်သားဖြစ်သွားကာ တုံးလုံးလဲနေ





သည့် ကျော်ဆန်းဝင်း ခါတ်လိုက်သလို တွန့်ခနဲဖြစ်ကာ ဆတ်ခနဲ ငုတ်တုတ်ထထိုင်လိုက်သည်။

"အား. . . အောက်တယ်. . . အောက်တယ် . . . ခွီး. . . ခွီး"

"ဟား. . စုံနေတာပဲ. . . ဘာက ဘယ်လို စလုပ်ရမှန်းကို မသိတော့ဘူး"

"ဟော့. . ဟော့. . . တက်နေတာဟ"

"စမ်းကြည့်စမ်း. . . စမ်း. . ကြည့်စမ်း ရှိသေးလားလို့"

"ဘာ. . ဘာကိုစမ်းရမှာလဲကွ"

"ကဲပါဟယ်. . . နင်ကလဲ စိတ်ချည်းပဲ . . . သူတို့လည်း ကြား ဖူးနားဝနဲ့လျှောက်ပြောနေတာပါ. . . ကားခဏရပ်ခိုင်းလိုက်"

အသက်အကြီးဆုံးဖြစ်သော ဘသာထူး ပြောလိုက်တော့မှ အားလုံးငြိမ်ကျသွားသည်။ ဦးလေးဘသာထူးက သူ့အိတ်ထဲက မြန်မာ တိုင်းရင်းဆေးတွေလူး၊ တိုက်တန်တိုက်နှင့် ကျော်ဆန်းဝင်း အနည်းငယ်လန်းဆန်းသွားသည်။

ပြီးတော့ ကားအောက်ဆင်းခိုင်းပြီး နည်းနည်းခုန်ခိုင်းလိုက်သည်။ ငယ်ထိပ်က ကြက်ဥလုံး သာသာဘု၊ နဖူးက ငုံးဥသာသာဘု၊ ခြေဖခုံက ဂေါ်လီလုံးသာသာဘုနှင့် နာမည်ပါ ချက်ချင်း ပြောင်းသွားသည်။ 'ဘုသုံးဘုနဲ့လူ' ဟူသည်။

"ကဲ. . ဘုမောင်နဲ့အပွဲ ရှေ့မှာထမင်းစား မယ်ဟေ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် အကြည်ကျော်. . . ဒီတစ်ခါတော့ ငါသည်းမခံတော့ဘူးနော်"

"အဲဒါဆိုလည်း ငါ့စတီးချိုင့်ကိစ္စ မပြောကြနဲ့ပေါ့. . . ငါ့ စတီးချိုင့်က နတ်ကြီးတယ်"

"ငါပြောလို့လား"

"မင်းတော့ မပြောဘူးလေ. . . ဒါပေမဲ့ မင်းက ကံနိမ့်နေတော့ ကြားကခံရတာပေါ့"

ဦးလေးဘသာထူးက ပြုံးစစမျက်နှာနှင့် ဘာပြောတယ်မှတ်လဲ။

"ဟုတ်ပြီ. . . နောက်ကို မိုးကျော်ကလည်း စတီးချိုင့် အဲကြောင်းမပြောနဲ့. . . ကျော်ဆန်းဝင်းကလည်း မတက်နဲ့. . . အကြည်ကျော်ကလည်း ဖူးစုံဆီက ဘာဆိုလားပဲ မတောင်းနဲ့တော့ ဟုတ်ပြီလား"

ဖူးစုံက တစ်လက်မလောက် ရှေ့ချွန်ထွက်နေသည့် သူ့နှုတ်ခမ်းထူအမ်းအမ်းကြီးကို ပိုပြီးထော်လိုက်ကာ . . .

"ဦးဘသာထူးနော်. . . ငိုပစ်လိုက်မှာ"

"ဟား. . . ငိုတော့ မငိုပါနဲ့ဟာ. . . ငါ့မှာ အငိုတိတ်တဲ့ဆေး မရှိလို့ပါဟ"

ကားပေါ်ပါလာသည့် လူတွေ၏ရယ်သံသည် ဘယ်လောက်ကျယ်သွားသည်မသိပေ။ ဘေးကဖြတ်သွားသည့်စက်ဘီး၊ ဆိုက်ကား၊ ဆိုင်ကယ်တွေကပင် လှည့်ကြည့်ကြသည်။ တကယ်. . တကယ်ပါ။



# အာ
# ခန်း
# ဝဥ

## (၃)

နေအထွက်မှာ ရွှေခွက်နဲ့ ငွေအပြည့်ခပ်ခဲ့ပါဆိုသလို. . .

နေ့စထွက်ကတည်းက မဟာဗန္ဓုလပန်းခြံလမ်း ကားမှတ်တိုင်မှာ ထိုင်လိုက်၊ ထလိုက်၊ ကားတစ်စီးဝင်လာ ပတ်ပတ်လည်လျှောက်ကြည့်နှင့် လုပ်နေသူကတော့ ကျား,မကျ၊ မ,မကျ နှစ်ပိုင်းတစ်ပိုင်း ချစ်ထူးငယ်။

ဘယ်သူတွေ ဘယ်လိုအမြင်နှင့်ကြည့်ကြည့် သူကတော့ ဂရုမစိုက်။ သူဂရု စိုက်တာက သူ့ရဲ့စတီးချိုင့်လေး။ သည်နေ့ပါနှင့် ဆိုလျှင် တစ်ပတ်တိတိ ပြည့်သွားပြီ။ စတီးချိုင့်အမေ့ခံပြီးယူသွားသည့် လူ၏အရိပ်အယောင်ပင် မတွေ့ရပေ။



www.burmeseclassic.com

www.burmeseclassic.com



"ပြောင်းပြန်ကြီး. . ဘယ်သူ့ကို ရှာနေတာလဲ"

အသံကြား၍လှည့်ကြည့်လိုက်ရာ ကုလားဒိန်သုံးကောင် ကွမ်းတွေစားထားသည်မှာ ကွဲကို နှုတ်ခမ်းဆိုးပေးထားသလိုပင်။

"ငါ့ဟာငါ ဘယ်သူ့ရှာရှာ မင်းတို့အလုပ်လား"

"ဟ. . လာသား. . . ငါတို့က ကူညီချင်လို့ပါ . . . နေကပူတယ်. . . ရင်ထဲအေးသွားအောင် ဘီယာလိုက်သောက်ပါလား. . . ငါတို့ တိုက်မယ်လေ"

"မင်းတို့နှမတွေ သွားတိုက်. . . ငါ ဘီယာမကြိုက်ဘူး"

လှည့်ထွက်မည်အလုပ် လက်မောင်းတစ်ဖက်ကို လာဆွဲလိုက်သည်။

"ဘီယာလည်းတိုက်မယ်. . . ရုပ်ရှင်လည်းပြမယ်. . . လာစမ်းပါကွာ"

နောက်ပြန်တံတောင်နဲ့တွတ်ထည့်လိုက်သည်။ မျက်ခွက်တည့်တည့်ပင်။

"ခွပ်"

"အား"

တစ်ပတ်လှည့်ပြီး ခြေထောက်နှင့် ဖြတ်ကန်ထည့်လိုက်တော့ ဖင်ထိုင်လျက်လဲပြီး မျက်နှာကသွေးတွေထွက်လာသည်။ တအံ့တဩနှင့် ကြည့်နေသည့် ငနဲသား။





"ဒိုး"

"ဖုန်း"

"ခွပ်"

"အား"

ပြီးတာနှင့် တစ်ချိုးတည်း ၃၅ လမ်းဘက် ပြေးတော့သည်။ နောက်ကလိုက်မလိုက်တော့ မသိပေ။ ပြေးရင်းနှင့် ကျင်ခနဲဖြစ်သွားသည့် တံတောင်ဆစ်ကို ဆုပ်နယ်ရင်း စတီးချိုင့်ယူသွားသည့် အကြည်ကျော်၏မျက်နှာကိုပြေးမြင်ကာ . . . .

"တောက်. . . တရားခံက ဒင်း. . . အိမ်မှာလည်း အဆူခံရသေးတယ်. . . အလုပ်မှာလည်း သူများထမင်းကပ်စားနေရတယ် . . နေနှင့်ဦးပေါ့ကွာ. . . ငါက ဥပမိရုပ်ကို ယုံကြည်လိုက်မိတာကိုး"

ဖြတ်သွားဖြတ်လာတွေကရော၊ လမ်းဘေးဈေးသည်တွေကပါ ဘာလဲဟပေါ့။ တစ်ယောက်တည်း စကားတွေပြောသွားတော့ အမြင်တစ်မျိုးဆန်းနေသည်။

"သနားပါတယ်ဟယ် . . . ငယ်ငယ်ရွယ်ရွယ်နဲ့"

"ဆေးကြောင်တာနေမှာပေါ့ . . . မိန်းကလေးတန်မဲ့ ဝတ်စားထားတာလည်းကြည့်လေ"

ဆတ်ခနဲ၊ တုန့်ခနဲရပ်ပြီး ခုနကပြောတဲ့ လူတွေကို စိုက်ကြည့်လိုက်တော့ . . .

"ဟဲ့ ဟဲ့. . ဟိုမှာရပ်ပြီးကြည့်နေတယ် . . အဲဒါကြောင့် နင့်ကိုပြောတာပေါ့. . . အတင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောတာ တိုးတိုးပြောပါလို့"

"အမ်. . ဟုတ်တယ်တော့. . . ကြားသွားလား မသိဘူး . . . ကြည့်ရတာ မိုက်တီမိုက်ကန်းပုံစံနဲ့ . . . လာ လာ . . . လစ်စို့"

လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ထားပြီး မေးရိုးကြောတွေပါထောင်လာအောင်အံကြိတ်လိုက်မိသည်။ ဂျင်းဘောင်းဘီစုတ်၊ ဂျင်းဂျာကင်အစုတ်၊ ဆံပင်က နီကြောင်ကြောင်။ တော်ပါသေးရဲ့၊ အသားလေးကဖြူလို့။

"မရှုပ်နဲ့တော့ဟေ့ ××× မိန်းကလေး ××× ဟေ့ မိန်းကလေး ×××မရှုပ်နဲ့တော့ ××× မင်းအေးဆေးနေ တော့ ×××Baby အေးဆေးငြိမ်တော့ ××× မင်းရှုပ်သမျှ အားလုံး မှားပြီပေါ့)"

နောက် ဒါမျိုးထပ်မကြုံချင် ဘယ်တော့မှလည်း မဆုံချင်တော့တာ ××× သည်းခံကာ နားလည်ခွင့်လွှတ် အရာအားလုံးကိုမေ့ပစ်လိုက်မှာ ××× ရှောင်ချင်နေခဲ့ ××× ငါရှောင်ဖယ်နေနေခဲ့ ××× မိန်းကလေး မင်းအချစ်တွေ ခဏလောက်တော့ သိမ်းထားလိုက်ဦး"

ထီကားပေါ်က ထွက်ပေါ်လာသည့်ရဲလေး၏ 'လျှောက်မညာနဲ့' သီချင်း။ ဒေါသတွေ ဒီဂရီတိုးလာပြီ။ တိုက်ဆိုင်မှုတစ်ခုရယ်ပါ။

"ငါကရှုပ်တာမဟုတ်ဘူး ရဲလေးရေ. . .

ဟိုအကောင် စတီးချိုင့်သူခိုး၊ လူလိမ်၊ ငါးဘတ်ကြောင့် နေ့တိုင်းလမ်းလျှောက်နေရတာ





. . . သည်းလည်းမခံနိုင်ဘူး. . . ဘာမှလည်း မေ့လို့မရဘူး"

တစ်ဦးတည်း လက်ဟန်ခြေဟန်တွေနှင့်ပြောသွားလေရဲ့။ ဘေးကဖြတ်သွားဖြတ်လာတွေကတော့ ထုံးစံအတိုင်း ကွက်ကြည့် ကွက်ကြည့်နှင့်။

"အွတ်"

"အင့်"

လူတစ်ယောက်ကို ပခုံးမွန်းနှင့်ဝင်တိုက်လိုက်မိသည်။ ပြန်ဆွဲထူပေးပြီး . . .

"ဆောရီးနော်. . . မကျေနပ်ရင် ရှေ့နားမှာ ရဲစခန်းရှိတယ်"

ဒါပဲပြောပြီး ဆက်လျှောက်သွားသည်။ ဟိုလူက ရင်ဘတ်လေးအသာလက်နှင့်ဖိပြီး ကြောင်တောင်တောင်နှင့် မိန်းမအစစ်မှ ဟုတ်ရဲ့လားပေါ့။



www.burmeseclassic.com

www.burmeseclassic.com



# အ ခန်း ဝင်

## (၄)

"ဖုန်း"

ချစ်ထူးငယ်ရှေ့သို့ သန်းခေါင် စာရင်း တစ်ခု၊ ပြီးတော့ မွေးစာရင်း တစ်ခု... ဗာတ်ပုံတစ်ပုံ။

"အဲဒီမှာ ကြည့်"

"ကြည့်စရာမလိုဘူး ဖေဖေရဲ့ . . . သားရဲ့ . . အဲ. . သမီးရဲ့ မွေးသက္ကရာဇ်ကို အလွတ်ရပါတယ်. . ပြီးတော့မှတ်ပုံတင်လည်း လုပ်ပြီးနေပြီလေ"

ချစ်ထူးငယ်ရှေ့ မျက်နှာဆိုးကြီးနှင့် ဦးထူးသန့် ထိုင်ချလိုက်သည်။

"ငါပြောတာ အဲဒီသန်းခေါင် စာရင်းထဲမှာ နင်ဟာမိန်းမလား၊ ယောကျ်ားလားလို့ပြတာ"

"မိန်းမလေ ဖေဖေရဲ့. . . ဒီလောက်တော့ ချစ်ထူးသိပါတယ်"

"သိတယ်နော် . . ဟုတ်ပြီ . . . ရော့







ဓာတ်ပုံ . . . အဲဒါ ဘယ်သူ့ပုံလဲ"

ချစ်ထူးငယ် သူ့ဖခင်ဦးထူးသန့်ကိုမော့ကြည့်လိုက်သည်။ ဘာတွေဖြစ်နေပါလိမ့်ပေါ့နော်။ လူကြီးသူမတွေပြောပြောနေသည့် 'သူငယ်ပြန်'တယ်ဆိုတာ ဒါမျိုးလားမသိ။ ခပ်တွေတွေလေး ကြည့်နေတော့ . . .

"ဟဲ့ . . . ငါမေးနေတယ်လေ . . . အဲဒါ ဘယ်သူ့ပုံလဲလို့"

"မေမေ့ပုံလေ ဖေဖေရဲ့ . . . ဘာလဲ ပုံကြီးချဲ့ခိုင်းမလို့လား . . ကွန်ပျူတာနဲ့လုပ်ပေးရမယ်ပေါ့"

ဦးထူးသန့် မျက်နှာကြီးနီပြီး စကားလုံးတွေ ရွေးနေသည်။ ပြီးမှ . . .

"ငါ့အတွက် ဘာဓာတ်ပုံမှမလိုဘူး. . . သူဟာ ငါ့ရင်ဘတ်ထဲမှာ တစ်ခါတည်းရိုက်ပြီးသား . . ပုံကြီးချဲ့ပြီးသား. . . ခု ငါပြတဲ့ အမိပွာယ်က နင့်အမေက ခု နင်ဝတ်စားထားသလိုထင်ထား သလား . . . ကြည့်စမ်း. . ချိတ်ထဘီ အနီရောင်ကန့်လန့်စင်း. . အပေါ်က ပိုးအဖြူရောင်ဖျော့ဖျော့လေး . . ဆံပင်ကြီးကလည်း ပိတုန်းရောင် ကေသာဆိုတဲ့ စကားအတိုင်း. . နင်မရှက်ဘူးလား . . . နင့်အမေနဲ့တူတာ၊ နင့်မှာဘာရှိလဲ ပြောစမ်း"

ချစ်ထူးငယ် မျက်လုံးလေး ပေကလပ်ပေကလပ်နှင့် ကြောင်စီစီဖြစ်သွားပြီး . . . .

"သမီးက အမေ့သမီးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . . နင့်အမေနဲ့တူတာ ဘာရှိလဲလို့မေးတာ"

"သမီးက အမေ့သမီး . . မိန်းကလေးလေ"

"ဟာ . . တောက် . . ငါ . . ငါ လက်ပါတော့မယ်နော်"

"အဟီး . . ဟီး . . ဖေဖေ့မိန်းမက အဲဒီလိုကြီး ဝတ်မှာပေါ့ . . . သူတို့ခေတ်က ဂျင်းဘောင်းဘီမှ မပေါ်သေးတာ . . ပေါ်ကြည့်ပါလား . . မေမေဝတ်မှာပေါ့ . . . ခု ဂျင်းဘောင်းဘီ၊ စကပ်တိုတိုခေတ်မှာ သမီးက အဲဒီပုံစံမျိုးကြီးသွားဝတ်ရင် လပ်ကီးဖစ်ရှ် (Lucky Fish)နဲ့ ငါးဖယ်မှားကုန်သလို အပြောခံရတော့မှာပေါ့ ဖေဖေရဲ့ . . . အဟီး ဟီး"

တော်တော်ပြသည့်အသံ။ ပဲပြုတ်သည်ပင် သူ့ လောက် မအော်နိုင်ပေ။ အရေးထဲ သူက ပြောင်ငိုင်နေလိုက်သေးသည်။

"မဟုတ်ဘူး သမီး . . . မိန်းမတို့ကွန်ရှေ့ ရွေးပေးလို့မရတဲ့ . . . မိန်းမတွေရဲ့ဂုဏ်သိက္ခာ မညှိုးရအောင် ကွန်ရှေ့ရှင်ပီပီ မြတ်မြတ်နိုးနိုးနဲ့ ထိန်းသိမ်းတတ်ရမယ် . . . မြန်မာဟာ ကမ္ဘာမှာ အယဉ်ကျေးဆုံး နိုင်ငံတစ်ခု ဖြစ်တဲ့အတွက် ကမ္ဘာအရပ်ရပ်ကလေးစားဂုဏ်ယူခြင်းကို ခံရတယ်လေ . . . ပြီးတော့ကာ မိန်းမကောင်း၊ မိန်းမ မြတ်ဆိုတဲ့ဂုဏ်ဟာ မိန်းမတို့ရဲ့ဘဝမှာ ထူးချွန်ထက်မြက်တဲ့ အရည်အချင်းအစွမ်းသတ္တိတွေပဲ"

ဖေဖေဦးထူးသန့်ပြောနေသည့် စကားလုံး





တွေကို နားလည်တာရှိသလို နားမလည်တာတွေလည်း ရှိသည်။

"သဘာဝကို ကျော်လွန်လို့မရဘူး . . . ဟန် ဆောင်တယ်ဆိုတာ ခဏပဲရမှာ . . . လူဆိုတာသူများပြောမှသိတာထက် ကိုယ့်ကိုယ် ကိုယ်သိတာအကောင်းဆုံး . . . ငါဟာ ဘာလဲ . . . မိန်းမ . . မိန်းမဟာ မိန်းမလိုနေမယ်၊ ထိုင်မယ်၊ ဝတ်မယ်၊ စားမယ်ဆိုရင် ဘယ်လောက်ကောင်းလိုက်မလဲ . . ပတ်ဝန်းကျင်ကတောင် ချီးကျူးဦးမယ် . . . ဒီတော့ မိန်းမကောင်းတို့မည်သည် လင်မစားမီ ဦးစွာမစားရဘူး . . . အိပ်ရာဝင်သောအခါ လင်ယောကျ်ားအား မွေ့လျော်အောင် ပြုစုတတ်ရမယ် . . မိန်းမတစ်ယောက်ရဲ့ ခွန်အားဟာ လျှာပေါ်မှာ ရှိရမယ်လို့ အင်္ဂလိပ်စကားပုံတွေမှာရှိခဲ့တယ် . . အဓိပ္ပာယ်ကတော့ လိမ္မာပါးနပ်စွာ ပြောဆိုတတ်ရမယ်လို့ဆိုလိုတယ် . . . ဂျပန်စကားပုံမှာတော့ အိမ်ထောင်ကျပြီးသောမိန်းမ အားလုံးဟာ ဇနီးမဟုတ်ဘူးတဲ့ . . . စပိန်စကားပုံကျတော့ ခင်ပွန်းသည်၏ စရိုက်ကိုသိသာရန် ၎င်း၏ဇနီးမျက်နှာကို အကဲခတ်ပါတဲ့"

ချစ်ထူးငယ် ဘာတစ်ခုမှနားမလည်တော့ပေ။ သူနားလည်တာတစ်ခုတော့ ပြောပြလိုက်သည်။

"ဖေဖေ . . . သမီးဟာ မိန်းကလေးဆို . . . ပြီးတော့ အပျိုလေ . . . ဘယ့်နှယ့် လင်မစားမီတွေရော၊ လင်အိပ်ပြီးမှ အိပ်ရမယ် ဆိုတာတွေရော . . . အိမ်ထောင်ကျပြီးသော မိန်းမအားလုံး



www.burmeseclassic.com

www.burmeseclassic.com



ဟာ ဇနီးမဟုတ်ဘူးဆိုတာရော. . . ဘာတွေလဲ ချစ်ထူး နားမလည်တော့ဘူး”

ဦးထူးသန့် အနည်းငယ် တွေဝေသွားသည်။ ဘယ်နေရာမှာ စကားတွေလွဲနေပါလိမ့်ဟု စဉ်းစားနေပုံရသည်။

“အဲ. . သမီးရဲ့အစ်ကိုဆိုရင် ဘယ်လောက် ယောကျ်ားပီသလဲ. . . ယောကျ်ားတစ်ယောက်မှာ ရှိသင့်ရှိထိုက်တဲ့. . .”

ဦးထူးသန့်စကားမဆုံးလိုက်ရပါ။ ချစ်ထူးငယ် ပြောလည်းပြော၊ အိမ်ပေါ်ကလည်း ဆင်းသွားပါသည်။

“ဟုတ်တယ်. . . ယောကျ်ားတစ်ယောက်မှာ ရှိသင့်ရှိထိုက်တဲ့ ခြေသလုံးပလွေရိုးရယ်. . ပြောင်နေတဲ့နဖူးရယ်. . . ချိုင့်ခွက်ဝင်နေတဲ့ မျက်လုံး. . . အုတ်ခဲနှစ်လုံးတောင် မနိုင်တဲ့ ဗလရယ်. . . သွားပြီ . . . ငါးမှာ ငါးသလောက်. . . မယားမှာ ဆံထောက်တဲ့ ဖေဖေရေ”



# အာ

# ခန်း

# ဝဋ်

## (၅)

အကြည်ကျော်တစ်ယောက် ပျာယာခတ်နေသည်။ သူ့ အလုပ်စားပွဲ တစ်ခုလုံး ပွစာကြဲ နေပြီး ကုလားထိုင် အောက်တွေ ငုံ့ကြည့်၊ နောက်က ဗီရိုတွေ ပေါ်တက်ကြည့်၊ ဘေးချင်းကပ်သူများ စားပွဲခုံတွေ လျှောက်မွှေ၊ အပေါ်ထပ် တက်လိုက်၊ အောက်ပြန် ဆင်းလိုက်၊ တစ်ယောက်တည်း မတ်တတ်ရပ်ပြီး တစ်စုံတစ်ခုကိုတွေးလိုက်နှင့်။

“ဟေ့ကောင် အကြည်ကျော် . . ဘာများဖြစ်နေသလဲ. . ပစ္စည်းပေါင်ထားတဲ့ ဘောင်ချာနေရာထားမှား နေလို့လား . . . ပစ္စည်းပျောက်မေးချင်ရင် ရွှေဘုန်းပွင့်ဘုရားကိုသွား. . . ကြွေပေဒင်ရှိတယ်”

ပစ္စည်းပျောက်ဆိုသည့်စကား အသုံးအနှုန်းကြောင့် အကြည်ကျော် အနည်းငယ်တွေဝေသွားသည်။ ချာခနဲလှည့်လိုက်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"မိုးကျော်. . . ငါ. . ငါ့စတီးချိုင့်လေးများ တွေ့မိသလားကွာ"

"ဟာ. . စွပ်စွပ်စွဲစွဲ"

"မစွပ်စွဲပါဘူး. . . တွေ့များတွေ့မိသလားလို့"

"ဟောဒီမှာဟော့ကောင် တွေ့လား . . ပလပ်စတစ်ထမင်းဘူး. . လေးလံတဲ့ အရာဝတ္ထုမှန်သမျှ"

မိုးကျော်ကိုယ်လုံးပေါ်က အားလုံးဖြုတ်ချပြတော့ ကျော်ဆန်းဝင်းက မချိုမချဉ်မျက်နှာပေးနှင့် စားပွဲပေါ် မေးတင်ပြီး . . .

"ဘာပစ္စည်းတွေကို ဖြုတ်ချခဲ့တာလဲဟင် . . ကိုကိုမိုး . . တော်ကြာ တကယ်သုံးရတော့မယ်ဆိုတော့မှ နောင်တအကြီးအကျယ်ရနေဦးမယ်နော်"

"ကျော်ဆန်းဝင်း မညစ်ပတ်နဲ့နော်"

"မင်းရဲ့စတီးဘောလ်ပင်လေ. . အဲဒါ ပြောတာပါ. . . အခြားဟာ ချော်မတွေးနဲ့. . . သိချင်ရင် ဝယ်ဖတ်"

သူတို့ပြောစကားတွေ တစ်ခုမှနားထဲမဝင်တော့ဘူး။ စားပွဲခုံပေါ် လက်တစ်ဖက်ထောက် လိုက်ပြီး . . . .

"ကဲ. . အားလုံးကိုပြောမယ်ဗျာ. . ကျွန်တော့်ကို တစ်ခုကူညီပါ . . . အဲဒါက ဘာလဲဆိုတော့ . . . ကျွန်တော့်ဘဝမှာ နံပါတ်တစ်က အမေပါ . . . နံပါတ်နှစ်က 'ငယ်' ဆိုတဲ့စားလုံးလေးပါတဲ့ စတီးချိုင့် လေးပါ. . . အဲဒီစတီးချိုင့် လေးဟာ ကျွန်တော်ချစ်နေရတဲ့ မြတ်နိုးနေရတဲ့၊ ခုချိန်ထိ





မျက်လုံးထဲကမထွက်နိုင်သေးတဲ့ အရာဝတ္ထုပစ္စည်း မဟုတ်ပါဘူး. . . သက်ရှိမိန်း ကလေးတစ်ယောက်ရဲ့ ကိုယ်ပွားလေးပါဗျာ . . ကျွန်တော် အဲဒီချိုင့်လေး မရှိရင် မနေတတ်လို့ပါ . . . ကျေးဇူးပြုပြီး ပြန်ပေးပါ. . . နောင်ကို ဒီရုံးခန်းကလူတွေ မျက်စိမနောက်ရအောင်ကြိုးစားပါ့မယ် . . . ပြန်ပေးခဲ့သည်ရှိသော် ရုံးရှေ့က လက်ဖက်ရည်ဆိုင်မှာပြုစုပါ့မယ်"

ကျော်ဆန်းဝင်းက လက်ညှိုးထောင်လိုက်ပြီး လေလံပစ်သည့်ပုံစံမျိုးနှင့် . . .

"လက်ဖက်ရည်. . . စမူဆာသုတ် . . . ရှမ်းခေါက်ဆွဲ"

အားလုံးငြိမ်နေသည်။ ကျော်ဆန်းဝင်းက တစ်ခုချင်းဖြည်းဖြည်းပြောနေသည်။

"မြီးရှည်"

ဖူးစုံက မတ်တတ်ရပ်မယ်အလုပ် မိုးကျော်က မျက်စိမှိတ်ပြလိုက်သည်။ 'နေဦး' ဆိုသည့်သဘော။

"တို့ဟူးသုတ် . . . ပီဇာ . . . ခုနစ်လွှာပေါက်စီ . . . တစ်မျိုး ပြောင်းမယ်"

"KTV. . . ဘီယာ တိုက်ဂါး (သို့မဟုတ်) မြန်မာ. . မျက်လုံးထဲမြင်အောင်ကြည့် . . . ကောင်မလေးကျောပေးနေတဲ့ ထဘီရင်လျားတဲ့ပုံလေး"

မိုးကျော်ထမည်အလုပ် သွနုဖူးကို စက္ကူလိပ် တစ်ခုလာမှန်ရော . . .

"ဖတ်"



www.burmeseclassic.com

www.burmeseclassic.com



"အ. . ဘာလဲဟ"

ဖူးစုံနဲ့ ဦးလေးဘသာထူး သူကြိုက်တဲ့အရာကျတော့ ထမည်လုပ်တာကိုး။ ဘယ်ရမလဲ။ အကြည်ကျော် တစ်ယောက်ချင်းရဲ့မျက်နှာတွေကိုငေးပြီး လိုက်ကြည့်လိုက်တယ်။ တစ်ယောက်မှ ပုံမပျက်ကြဘူး။ တောက် . . ဘာလုပ်ရ။

"ငါ့ပစ္စည်းလေးဖွက်ထားတဲ့လူ နောင်ဘဝကျရင် ယောကျ်ားဖြစ်လည်း ယောကျ်ားပုံးဖြစ်ပြီး . . မိန်းမဖြစ်ရင်လည်း မိန်းမလုံးကြီး ဖြစ်ပါစေကွာ"

"ဟော့ကောင် . . . ငါ့ညီမကို စောင်းမပြောနဲ့"

"ဘာလဲ . . မင်းညီမက ဒီကောင်ပြောသလို ဖြစ်နေလို့လား . . . ဒါဆိုလည်း ရတယ်လေ . . ကျော်ဆန်းဝင်းဆီပို့ပေးလိုက် . . ရက်တိုသင်တန်းပဲ ချက်ချင်း အော်လဂျင်နယ်အတိုင်း ဖြစ်သွားစေရမယ် . . . ဟား ဟား ဟား"

မိုးကျော်က နီးစပ်ရာအမှိုက်ခြင်းနဲ့ လှမ်းပစ်လိုက်သည်။ ကျော်ဆန်းဝင်းက လက်နဲ့ပုတ်ထုတ်လိုက်တော့ အမှိုက်ခြင်းက ဦးလေး ဘသာထူးရဲ့ခေါင်း သွားစွပ်ပြီး သံခေါင်းစွပ်မင်းသားမဟုတ်ဘဲ ခြင်းခေါင်းစွပ် မင်းသားဖြစ်သွားလေသည်။

ရုံးခန်းတစ်ခုလုံးလည်း စက္ကူတွေ ပွစာကြသွားသည်။ အဲဒီအချိန်မှာပဲ ရုံးရှေ့လက်ဖက်ရည်ဆိုင်က စားပွဲထိုးဇင်မျိုးဆိုသည့် ချာတိတ်ကလေး ဝင်လာပြီး . . .



## ကဲ...ဘာဖြစ်ချင်တာလဲ



"ဒါ ဘယ်သူ့ချိုင့်လဲ . . . ကျွန်တော်တို့မီးသွေးခြင်းထဲက တွေ့လို့လာပေးတာ . . . ကြည့်လိုက်တော့ 'ငယ်'တဲ့"

ဝုန်းဆို အကြည်ကျော်ထလိုက်တာ စားပွဲကခုံစောင်းနဲ့ ဒူးခေါင်း။ သွေ့ခမျာ မနာနိုင်ပါဘူး။ ထော့နင်းထော့နင်းနဲ့ ပြေးယူလိုက်သည်။ မိုးကျော်ကတော့ ခေါင်းတညိတ်ညိတ်နှင့်ပြုံးပြီး . . .

"ဟေး . . . ပထမမူလ . . . ဘာတဲ့တုံး"

"လက်ဖက်ရည်"

ရုံးခန်းတစ်ခုလုံး . . . လွတ်လပ်ရေးနေ့ရပ်ကွက်ထဲ ဘောလုံးကန်နေသလို။

www.burmeseclassic.com

www.burmeseclassic.com



အာ

ခန်း

ဝဥ်

(၆)

"ပုလဲ ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေး"

အလုပ်နောက်ကျမှာစိုး၍ အိမ်ကကြိုထွက်၊ ကားမှတ်တိုင်ရောက်တော့ ကားစောင့်ရတာနှင့် လမ်းမှာမီးပွိုင့်မိတာနှင့်၊ ကားလမ်းတွေ ပိတ်ဆို့နေတာရယ်ကြောင့် ဘယ်လောက်ပဲစောစော ဆွမ်းစားချိန်ကတော့ အတူတူပါ။

လုပ်ငန်းရောက်တော့လည်း မန်နေဂျာမရောက်သေး။ တံခါးကပိတ်ထားတော့ ထုံးစံအတိုင်း မတ်တတ်ရပ်သူက ရပ်၊ လှေကားအတက်အဆင်း အုတ်ခုံလေးတွေမှာ ထိုင်သူက ထိုင်နှင့်။ ရှိုးရိုးသားသား လုပ်ကိုင်စားသောက်သည့် လူတွေကျပြန်တော့လည်း ပတ်ဝန်းကျင်က အထင်သေးအမြင်သေးနှင့် ဆက်ဆံချင်ကြသေးသည်။ လိုင်းဘတ်စ်ကားပေါ်လည်း ကားပေါ်မို့လို့ လမ်းမပေါ်လည်း လမ်းမပေါ်မို့လို့။





## ကဲ...ဘာဖြစ်ချင်တာလဲ

"တစ်ခုခုသောက်ပါလား"

"ချစ်စရာလေးတွေကွာ. . . ငါ့သာယူရင် ဒီအလုပ်မျိုးတွေ မလုပ်ခိုင်းပါဘူး"

"မင်းက ဘာလုပ်ခိုင်းမှာလဲ"

"မွေးမြူရေးလေ. . မွေးမြူရေး. . . အဲဒါပဲ ထိုင်လုပ်ခိုင်းမှာ"

မနက်စောစော လက်ဖက်ရည်ဆိုင်ကလူတစ်စု ပါးစပ်သေနတ်ပစ်နေသည်။ ချစ်ထူးငယ်သူတို့စကားဝိုင်းနား မတ်တတ်ရပ်လိုက်တော့ . . .

"ဟာ. . ဖြူဖြူဖွေးဖွေးလေး မယ်လိုဒီလို . . . အေးမြတ်သူ လိုလိုနဲ့"

"ခင်ဗျားတို့ ညကအရှိန်တွေမကုန်သေးဘူးလား"

"ဘာအရှိန်လဲ. . . ဘာတွေလာပြောနေတာလဲ"

"နှမချင်း ကိုယ်ချင်းမစာတဲ့လူ. . . ဘာအရှိန်ရမှာလဲ. . . ဟောဒီအရှိန်"

ဖင်ထိုင်ခုံမှာထိုင်နေသည့်လူ သူ့ရဲ့ရင်ဝတည့်တည့်ကို ကန်ထည့်ပစ်လိုက်သည်။

"ဖုန်း"

"ချလွတ်. . ဂျွတ်"

"အင့်"

ပါးစပ်သရမ်းဆုံးက သူလေ။ နေ့စဉ်နေ့တိုင်း အားမနာ လျှာမကျိုးပြောနေသည်။ ဒီတော့ သူ့ကိုပဲအရင်ဆုံးတွယ်ထည့်ရမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ကျန်တဲ့လူတွေ ဝုန်းဆို မတ်တတ်ထရပ်မည်အလုပ် ချစ်ထူးငယ်က ရေနွေးအိုးနှစ်အိုး လှမ်းကိုင်လိုက်ပြီး . . .

"ကဲ ပြော . . . ဘယ်သူ ခရုသင်းစွဲချင်လဲ . . . ဘဲပေါင်း ဘယ်သူဖြစ်ချင်လဲ"

ငနဲသားတွေ တုတ်တုတ်မှမလှုပ်တော့ပေ။ ငြိမ်ကျသွားသည်။

"ခင်ဗျားတို့လိုလူတွေရှိနေလို့ မိန်းကလေးတွေ မပျက်စီးသင့်ပဲ ပျက်စီးကုန်ရတာ. . . ဒါ ငါ့ညီမလေးသာဖြစ်ရင်၊ ငါ့တူမလေးသာ ဖြစ်ရင်ဆိုတဲ့စိတ်လေး . . . လူဆိုတဲ့စိတ်၊ ထမင်းစားတဲ့လူဆိုတဲ့စိတ် မွေးကြည့်စမ်းပါ. . . ဘယ်လောက်တန်ဖိုးရှိလိုက်မလဲ"

ပြောရင်းပြောရင်းနှင့် ဒေါသတွေပါဝါတိုးလာပြီ။ စိုးရိမ်ရေမှတ် ကျော်စပြုပြီ . . .

"ယောက်ျားကြီးတွေတာန်မဲ့ ပါးစပ်နဲ့ရော၊ လူရော အနိုင်ကျင့်လို့မရဘူး. . စတီးချိုင့်တစ်လုံးလောက်မှ တန်ဖိုးမရှိတဲ့လူတွေ အခွင့်အရေးရရင်ရသလို အသုံးချတတ်တဲ့လူ. . . သေဖို့သာပြင်"

ရေနွေးအိုးနှစ်လုံးကိုင်မြှောက်မည်အလုပ်

"ဟား. . ဟေး. . မ. . မလုပ်နဲ့လေ"

တစ်ဖက်ပလက်ဖောင်းဘေးက လူတစ်ယောက် လွယ်အိတ်ဘေးမှာ စတီးချိုင့်လေးချည်ထားပြီး ဖြတ်လျှောက်သွားတာကို ဖျတ်ခနဲမြင်လိုက်တော့ ရေနွေးအိုးပစ်ချပြီး နို့ဆီဖောက်တံပြေးယူကာ



# ကဲ...ဘာဖြစ်ချင်တာလဲ



နောက်က အမီလိုက်သွားပြီး . . . .

"ဟေ့လူ. . ဟေ့လူ. . . ဒီဘက်လှည့်စမ်း"

လွယ်အိတ်နှင့်လူက ဆတ်ခနဲလှည့်ကြည့်ပြီး လန့်သွားသည်။ ဘာဖြစ်လို့လဲဆိုတော့ ချစ်ထူးငယ်၏လက်ထဲမှာ ကိုင်မြှောက်ထားတာက နို့ဆီဗူးဖောက်တံ။

"ကျွန်တော်. . . ကျွန်တော်. . . ဘာ. . ဘာလုပ်မိလို့လဲ"

"ဘာမှမလုပ်ဘူး . . သွားတော့ . . . လူမှားသွားလို့. . . ဟဲ ... ဘဲ နောက်ကထိုးချလိုက်မိရင် ပြဿနာ"

ချစ်ထူးငယ် သူ့သာသူပြောပြီး ပြန်ထွက်လာတော့ ခုနကလူ နောက်ပြန်ကြီးလမ်းလျှောက်လို့နေလေရဲ့။ ဟုတ်မှာပေါ့။ မမေးဘဲ နောက်ကထိုးချလိုက်မိရင်ဆိုသည့်စကားကြောင့် တော်တော်လေး ကြောက်သွားပုံရသည်။

ချစ်ထူးငယ်နှင့် လုပ်ဖော်ကိုင်ဖက် မိန်းကလေးတွေက တအံ့တဩ နှင့်ကြည့်နေကြသည်။ ချစ်ထူးငယ် ခါတိုင်း ဒီလို မဟုတ်ပါဘူး။ တော်ရုံတန်ရုံ သည်းညည်းခံပါသည်။ ခုတစ်လော ဘာဖြစ်နေပါလိမ့်။

"ဒီက ညီမ . . . အဲ . . . ညီလေး . . . ဦးလေးဖောက်တံ"

"ဩော် ဟုတ်သားပဲ. . . ရော့. . . တစ်ခုမှာထားမယ်. . . ခင်ဗျားဆိုင်မှာ လာလာသောက်



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့လူတွေထဲက စတီးချိုင့်ကိုင်တဲ့ လူတွေ့ရင် ကျုပ်ကိုပြောစမ်းပါ”

“ဘာ. . ဘာလုပ်မလို့လဲ”

“အဲဒါမမေးနဲ့. . . စတီးသွေးကြွေးရှင်းမလို့”

အဘိုးကြီး ကြောင်သွားသည်။ ရာဇဝင်ကြွေး သွေးကြွေး ဂလဲ့စားပဲ ကြားဖူးပါသည်။ ခုဟာက စတီးသွေးကြွေးတဲ့။

ခေတ်တွေကပဲ ပြောင်းလာတာလား။ ငါပဲ ရူးနေပြီလားဆိုသည့်ပုံစံနှင့်။ ခေါင်းလေးတခါခါ။





# အာ
# ခန်း
# ဝင်

## (၇)

“ဒေါ်ချစ်ထူးငယ်. . . ခဏထိုင်ပါဦး”

လေ့ကား၀ ဖိနပ်တစ်ဖက်ပဲချွတ်ရုံရှိသေးသည်။ ထရံကိုမှီပြီး ထိုင်နေသည့် မိုးကျော်က လှမ်းခေါ်လိုက်သည်။ ဘုရား. . ဘုရား။ အလုပ်မှာ ရန်ဖြစ်ခဲ့တာတွေ၊ မန်နေဂျာကများ ဖုန်းဆက်ပြီး ပြောလိုက်ပြီလားပေါ့။ ရင်တွေပင်တုန်လာသည်။

“ဟဲ့. . ငါခေါ်နေတယ်လေ. . . ဘာလုပ်နေတာလဲ”

“ဟို . . ဟို . . ဖိနပ်ကြိုးဖြေနေလို့ . . . လာမှာပေါ့”

“နင်လာတဲ့အထိ ငါမစောင့်နိုင်တော့ဘူး . . . ကဲ ပြော. . . နင့်အချိုး၊ နင့်ပုံစံတွေ ပြင်မလား၊ မပြင်ဘူးလား”

ခါးထောက်ပြီးလာပြောနေသည့် မိုးကျော်ကို မော့ပင်မကြည့်ဘဲ . . . .



www.burmeseclassic.com

www.burmeseclassic.com



"မတရားတာတော့ လုံးဝမခံနိုင်ပါဘူး . . မိန်းကလေးတွေ ဆိုပြီး ပါးစပ်သရမ်းလို့ ပညာပေးလိုက်တာ . . . နောက်တစ်ယောက်တော့ လူမှားလို့ . . . အဲဒါ ဘာဖြစ်လဲ"

မိုးကျော်ကြောင်သွားသည်။ ဘာဆက်ပြောရမှန်းမသိပေ။ ဘာလဲဟ။ ငါပြောတာက တစ်မျိုး။ သူဖြေတာကတစ်မျိုး။ အဆက်အစပ်မရှိ။

"ပညာပေးတာတွေ လူမှားတာတွေ ငါ့လာမပြောနဲ့ . . . ငါမေးတာသာ ဖြေ"

"ခုနကဖြေလိုက်ပြီလေ . . ဘာလဲ ယောက်ဖတွေထိလို့ နာတာလား . . . အစ်ကိုဆိုပြီး ညာလိမ့်မယ်တော့မထင်နဲ့"

ထရံမှာထိုးထားတဲ့ဓား ပြေးဆွဲလိုက်ပြီး လက်နှစ်ဖက်နှင့် ကျစ်ကျစ်ပါအောင်ဆုပ်ထားကာ မိုးကျော်ကို စူးစူးရဲရဲကြီး ကြည့်နေလိုက်သည်။ မိုးကျော်လန့်သွားသည်။ အမေဂျမ်းလား တစ်ခုခုတော့ ဝင်ပူးနေပြီထင်သည်။

"မ . . မဟုတ်ဘူးလေဟာ . . . ငါပြောတာက . . ငါ . . ငါ့အဝတ်အစားတွေ . . နင် . . ယူယူဝတ်တော့ ငါ့မှာ အရေးရယ် အကြောင်းရယ်ဆို ဝတ်စရာ . . မ . . မရှိလို့ . . ပြီးတော့ လျှော်လည်း မလျှော်ထားဘူးလေ . . . အဲဒါ . . အဲဒါ . ."

သည်တော့မှ ချစ်ထူးငယ်သဘောပေါက်သွားသည်။ ခုတ်ရာတခြား၊ ရှရာတခြားဖြစ်နေတာ





ကိုး . . လျှော့ပေးလို့မဖြစ်ဘူး။ ဆက်တွန်းမှ။ နှိမ့်ဆို အစ်ကိုပဲ ဆိုပြီးပြောဆိုနေဦးမှာ။

"ဟုတ်ပြီလေ . . . ဒီနှစ်ပတ်ပဲဝတ်တော့မယ် . . . နောက်လတွေကစပြီး ကိုယ်ပိုင်ဝယ်တော့မှာ . . . တစ်ခုပဲရှိတယ် . . . ကျွန်တော့် ဥစ္စာတော့ ယူဝတ်ဖို့မကြိုးစားနဲ့ . . . ယောဒီဓားက လူမရွေးဘူး . . . မလျှော်ပေးတာကလည်း ပျင်းလို့မဟုတ်ဘူး . . . အလုပ်မအားလို့ပါ . . . ကျေနပ်တယ်နော်"

ချာခနဲ အခန်းထဲ လှည့်ဝင်လိုက်တယ်။ တီဟီ . . နည်းနည်းတော့ ဖြုသွားတယ်။ လူကိုတော့ မဟုတ်ပါဘူး။ လက်ထဲကဓားကြောင့်။ အဝတ်အစားလဲ ရေချိုးဖို့လုပ်တုန်း . . .

"အဖေ . . ကျိန်းသေရဲ့လား အဖေရယ် . . . ချစ်ထူးက ကျွန်တော့်ညီမအရင်းတော့ ဟုတ်ပါတယ်နော်"

"ဟ . . ငါက လိမ်ပြောပါ့မလားကွ . . . မင်းမယုံရင် မင်းအမေကိုလိုက်မေးကြည့်"

"ဟာ . . မဟုတ်တာ . . အမေက သေပြီဥစ္စာ . . . ကျွန်တော် စဉ်းစားလို့မရတာတစ်ခုက ကျွန်တော့်နဖူးပြောင်တယ် . . . ချစ်ထူးက မပြောင်ဘူး"

"ဟာ . . . ဒီကောင့်နှယ် . . . မိန်းကလေးဘာဘူး . . . အဲလေ . . . နဖူးပြောင်တော့ မိန်းမပြောင်ကြီးဖြစ်နေမှာပေါ့ကွ . . . ဘယ်တူပါ့မလဲ"



www.burmeseclassic.com

www.burmeseclassic.com



မိုးကျော်က သူ့ခြေသလုံးသူ လက်နှင့်စမ်းလိုက်ပြီး တစ်စုံတစ်ခုစဉ်းစားမိကာ . . . .

"ချစ်ထူးက ကျွန်တော့်ထက် ခြေသလုံးကြီး တယ်နော်"

"ငါက မင်းခြေသလုံးမျိုး သူ့ကိုဖြစ်စေချင်တာ. . . ဒါမှ ရိုက်ချိုးရလွယ်မှာ. . . ခုတော့ ဝါးပိုးဝါးကြီးတွေတပ်ထားပေးသလို ဖြစ်နေတော့ တော်ရုံရိုက်လို့ မလွယ်ဘူး"

"တောက် . . မောင်နှမသာဆိုတယ် . . . ဘာတစ်ခုမှတူတာ မရှိဘူး"

"တူချင်ရင် လွယ်ပါတယ်. . ရော့ ဟောဒီရေလဲထဘီ ဝတ်လိုက် . . . ခြေသလုံးအမွေးတွေရိတ် . . . ပြီးရင် သနပ်ခါးလိမ်း၊ နှုတ်ခမ်းနီဆိုးနည်းနည်းလေးနွဲ့လိုက်. . မမိုးကျော်ဖြစ်သွားရော . . ကျွန်တော်ကတော့ မောင်ချစ်ထူးငယ်ဘဝကလွဲရင် ဘာမှစိတ် မဝင်စားဘူး. . . ကဲ. . သွား. . . ရေတုံကင်နှိပ်ပေး. . . မမိုးကျော် အဝတ်စားတွေလျှော်ပေးဖို့"

သားအဖနှစ်ယောက် တစ်ယောက်နှင့်တစ်ယောက် လှည့်ကြည့်လိုက်သည်။ ဦးထူးသန့်က

"သွားလေ မြန်မြန်. . ရေတုံကင်နှိပ်ပေးလိုက် . . . မင်းလည်း နောက်လကစပြီး ရုံးမှာရာထူး တက်ချင်တက်၊ မတက်ရင်ပြုတ် . . . ဘာဖြစ်လို့လဲဆိုတော့ . . . သုံးလမှတစ်ခါ အဝတ်လျှော်တဲ့ ချစ်ထူး . . ခုတစ်ပတ်တောင်မပြည့်





သေးဘူး . . . အဝတ်လျှော်ပြီ . . . ပြီးတော့ ဘယ်တော့မှ အိမ်ရှေ့မှာရေမချိုးတဲ့ ငါ့သမီး. . ခု ရေချိုးပြီဟ . . သွား. . သွား မြန်မြန်"

ချစ်ထူးငယ် ပြန်ပြောလိုက်သည့်စကားကြောင့် မိုးကျော်တစ်ယောက် ထရတော့မလို၊ ထိုင်ရတော့မလိုနဲ့။

"အိမ်ရှေ့မှာ ချိုးချင်လို့ချိုးတာမဟုတ်ပါဘူး. . . နောက်ဖေး ရေတိုင်ကီထဲမှာ ဖားပြုတ်တစ်ကောင်ရောက်နေလို့"

ကိုင်း မျက်နှာ မအေးသွားဘူးလားဗျာ။

www.burmeseclassic.com

www.burmeseclassic.com



အာ

ခန်း

ဝဋ်

(ဂ)

ရုံးသွားခါနီး လုပ်နေကျအလုပ်တစ်ခု . . .

အဲဒါကတော့ တစ်ဦးတည်းသော မိခင်အိုကြီးကို ထိုင်ကန်တော့လိုက်သည်။ မိခင်ကြီးက များစွာသော ဆုတွေပေးပြီးနောက် အကြည်ကျော် ထိုင်ရာမှ ထလိုက်ပြီး လွယ်အိတ်ကလေးလှမ်းယူရာ လွယ်အိတ်နှင့်အတူ တွဲချည်ထားသော စကီးချိုင့်လေးကိုတွေ့သွားပြီး . . .

"သားငယ် . . မင်းရုံးသွားတာကလည်း ထမင်းချိုင့်က နှစ်လုံးတောင်ပါလား . . . မိုးကျော်တို့ အတွက်ပါ ယူသွားပေးရတာလား"

အကြည်ကျော် တစ်ချက် ဟက်ခနဲ ရယ်လိုက်ပြီး . . .

"မဟုတ်ပါဘူး အမေရယ် . . . သူများချိုင့်ပါ . . . ကားပေါ်မှာ ကျွန်တော့်ခဏအပ်ထားပြီး မေ့ကျန်ရစ်ခဲ့လို့ သိမ်းထားပေးတာ . . . တွေ့ရင် ပြန်ပေးဖို့ ယူယူသွားတာပါ . . . ကဲ ကျွန်တော်သွားတော့မယ်"







"ကားလမ်းကြည့်ကူးနော် သား"

"ဟုတ်ကဲ့"

အမေပြောလည်း ပြောစရာ။ ဗိုင်တွေကတစ်ဖက်၊လွယ်အိတ်ကတစ်ဖက်၊ ဟား . . တစ်ဖက် တစ်ဖက်တွေချည်းပါလား။ လမ်းထိပ်ကွမ်းယာဆိုင်က

"ဟေ့လူ . . ခင်ဗျားမိန်းမ ဘာလေးမွေးလဲ . . . လုပ်လေ . . လုပ်လေ . . . ဘာလေးညာလေး ပွဲလေးတစ်ပွဲပေါ့"

"ဟာ . . ဒီလူနှယ် . . . ဘာတွေလျှောက်မေးနေတာလဲ . . . ဘယ်ကမိန်းမလဲ"

"ဟား ဟား . . . လူပျိုကြီး ကျွေးရမှာကြောက်လို့ ဒိုင်လျှိုထားတယ်ပေါ့လေ . . . ခင်ဗျားသူငယ်ချင်း ထိပ်ပြောင်ကပြောပြီးပြီ . . . သူ့မိန်းမဆေးရုံမှာကလေးမွေးနေလို့တဲ့ . . . အဲဒါ နေ့တိုင်းထမင်းချိုင့်သွားသွားပို့နေရတာ တဲ့ . . . ကဲ . . ဘာပြင်းမလဲပြော"

"ဩော် . . . မိုးကျော်ပြောထားတာကိုး . . . ဟုတ်တယ် ခုဟာက မင်္ဂလာမဆောင်ရသေးလို့ ခင်ဗျားတို့ကိုမပြောတာ . . . ကလေးကင်ပွန်းတပ်မှ ဖိတ်တော့မယ် . . . ဩော် . . သတို့သမီးက သူ့ညီမလေ . . . ဒီကောင် အဲဒါကျတော့ ထည့်မပြောသွားဘူး . . . အဟဲ . . ရှက်လို့နဲ့တူပါတယ် . . . ကဲ သွားပြီ"

ကွမ်းယာသမား ဘယ်လိုနားလည်ရမှန်းမသိသော မျက်လုံးကြီးနှင့် ကျန်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အ

ခန်း

ဝင်

(၄)

"ရက်ပ်ပါချင်း ရန်တွေမဖြစ်ပါနဲ့ xxx ဟစ်ဟော့လောကအတွက် xxx

လူငယ်တွေ ကြိုးစားခဲ့တာလည်း xxx ဟစ်ဟော့လောကအတွက် xxx"

"ဘုရားဒကာကြီး ဦးဇော်ဇော်အောင် မိသားစုကအလှူတော်ငွေသုံးဆောင်တဲ့. . ခုလိုပြုရကုသလကြောင့် ဦးဇော်ဇော်အောင် မိသားစုတို့သည်. . ."

ရပ်ကွက်ဓမ္မာရုံမှထွက်ပေါ်လာသော လော်စပီကာမှ အသံအချို့ကြောင့် ချစ်ထူးငယ်တို့အဖွဲ့ ဂစ်တာတီးနေရာမှ ခဏရပ်ကာ နားထောင်လိုက်သည်။

"ဦးဇော်ဇော်အောင်မိသားစုတို့သည် ရေလို အေးလို့. . .

ရေလိုအေးလို့ ပန်းလိုမွှေးကြပါစေ . . .







ရေလို အေးလို့ ပန်းလိုမွှေးကြပါစေ. . . ရဟူး. ."

"ဟော့ကောင်. . သီချင်းက ဘယ်ရောက်သွားတာလဲ"

"ဩော်. . အေး ဟုတ်သားပဲ. . . သံစဉ်ရောသွားလို့ကွ. . . ချစ်ထူး မင်းရောဘာဆိုမှာလဲ"

"မအေးရယ် ချစ်လို့ပါကွယ်"

"ဟား. . အဲဒါ ဟာသသရုပ်ဆောင် ကင်းကောင်ဆိုနေကျ ဥစ္စာ"

"ဘယ်သူဆိုဆိုလေကွာ. . . သူ့မူပိုင်မှမဟုတ်တာ. . . ကဲ ဆိုမယ်"

အုတ်ခုံပေါ် ခုန်တက်ပြီးထိုင်ကာ နေရာယူလိုက်စဉ်မှာပင် . . .

"သီတင်းကျွတ်ပွဲတော်ကြီးပြီးတော့ xxx တန်ဆောင်မုန်း xxx တန်ဆောင်တိုင် xxx ဆီမီးကမြိုင် xxx မသိုးအလှ xxx မြတ်သင်္ကန်းနဲ့ xxx ရွှေတိဂုံကုန်းတော် xxx မြိုင်မြိုင်ဆိုင်ဆိုင်xxx"

"ကဲ . . . ဒီညတော့ နားလိုက်တော့ . . . ဓမ္မာရုံရှိုးကို မကျော်နိုင်တော့ဘူး"

"မကျော်နိုင်လည်း အိမ်ပြန်တော့ . . . သမီးရေ"

"ဟင်"

ဘယ်အချိန်ကတည်းက ရပ်ကြည့်သည် မသိသည့် ချစ်ထူးငယ်အဖေ ဦးထူးသန့်။ ကြည့်ရတာ ဓမ္မာရုံတရားပွဲက ပြန်လာပုံရသည်။ ကျန်သည့်ချာတိတ်တွေ အလျှိုလျှိုနှင့်လစ်ကုန်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



"တိုင်းပြည်မှာပဲဖြစ်ဖြစ်၊ မြို့မှာပဲဖြစ်ဖြစ်၊ ရပ်ကွက်ထဲမှာပဲဖြစ်ဖြစ် ကောင်းသောနည်းနဲ့ နာမည်ကြီးတာ ကောင်းပါတယ် သမီးရယ်. . . ခု တော့ ဘယ်နေရာ၊ ဘယ်အချိန်ဖြစ်ဖြစ် ငါ့သမီး နာမည် မပါတာကိုမရှိဘူး. . ကောင်းသော နာမည် ဆိုရင်တော့ အဖေနဲ့သမီးအစ်ကို မျက်နှာအေးရ တာပေါ့. . . ခုတော့ သမီးရယ်. . . ယောကျ်ား လေးတွေ တရှန်းရှန်းနဲ့ . . သမီးဟာ ဘာလဲ. . ကိုယ့်ကိုယ်ကိုယ် မသိသေးဘူးလား"

"မသိသေးဘူးဆိုလည်း ကျွန်တော်သိ အောင် လုပ်လိုက်တော့မယ် အဖေရေ"

အသံကြားလို့ လှည့်ကြည့်လိုက်တော့ မိုး ကျော်ရယ်။ တုတ်တစ်ချောင်းကိုင်ပြီးပြေးလာတော့ ချစ်ထူးငယ် အုတ်ခုံပေါ်ကခုန်ချပြီး ထွက်ပြေးပြီ။ ပြေးမည့်ပြေးတော့ ရပ်ကွက်ဓမ္မာရုံဘက်။ ဓမ္မာရုံ ရှေ့မှာက မီးတွေထိန်လို့။ လူတွေကအများကြီး။

"ဖုန်း. . ဖုန်း. . ဖုန်း. . "

ပြေးလာသည့်ဖိနပ်သံကြောင့် လူတွေက ဘာလဲဟ။ တောင်ကြည့်မြောက်ကြည့်နှင့်။ မီးရေး ထင်းရေးလား။ ဘာဖြစ်တာလဲပေါ့။ ဝရုန်းသုန်း ကား ဖြစ်ကုန်ကြသည်။ အဲဒီအချိန်မှာပဲ လူတွေ ကြားထဲ တိုးဝှေ့ပြေးတာက ချစ်ထူးငယ်။

နောက်က တုတ်တစ်ချောင်းနှင့် လိုက်တာ က မိုးကျော်။ မလှမ်းမကမ်းမှာ ဟတ်ထိုးမောပြီး တုန်ချည့် တုန်ချည့်နှင့် လိုက်လာတာက ချစ်ထူး ငယ် ဖခင်ဦးထူးသန့်။





"အမျိုးတွေနာမည်ဖျက်တဲ့ဟာမ. . နှစ် ပိုင်းတစ်ပိုင်းမ သေပြီသာမှတ်ပေတော့. . . မပြေးနဲ့"

ချစ်ထူးငယ်က ပြေးရင်းနှင့်ပြန်ပြောသေး သည်။

"မပြေးစေချင်ရင် မလိုက်နဲ့လေ"

ဝိုင်းအုံကြည့်နေသည့် ကလေးတစ်စုက. .

"ရက်ပါတွေချင်း ရန်တွေမဖြစ်နဲ့ ××× ချစ်ထူးငယ်တို့လောက အတွက် ××× ရက်ပါချင်း တုတ်နဲ့မရိုက်နဲ့ ×××× ကိုမိုးကျော်တို့လောက အတွက် ×××"

ဓမ္မာရုံ လော်စပီကာကြီးထဲကလည်း . . .

"အလှူရှင် ကျောင်းဒကာကြီးဦးထူးသန့် က ကွယ်လွန်သူ မအုံ့မင်းညိုအတွက် အလှူတော် ငွေက နှစ်ထောင်. . စေတနာ အခြေခံကို လှူဒါန်း ရသောအကျိုးအားကြောင့် လောကီကောင်းကျိုး အမျိုးမျိုး၊ လောကုတ္တရာကောင်းကျိုး အမျိုးမျိုး . . "

"ဟော့. . ဟော့. . ခဏရပ်ထား. . . ဟိုမှာ သူ့သားနဲ့သူ့သမီးက ဘာအမျိုးမျိုးတွေဖြစ်နေတယ် မသိဘူးဟ . . . နောက်တစ်ယောက် ကျော်ပြော"

ဦးထူးသန့်က ဓမ္မာရုံကပျံ့လွင့်လာသည့် အသံတွေကြောင့် ပြေးလက်စကို ခဏရပ်နားထောင် ပြီး ဖော်ပြောလိုက်သည့် စကားတစ်ခွန်းကတော့

"အုံ့ကြီးရေ. . . မင်းကတော့ ကျွတ်သွားပြီ ပေါ့ . . . ငါ့မှာတော့ အမြစ်တွယ်နေသေးတယ် ဟေး. . . အမြစ်. . အမြစ်. . . "



www.burmeseclassic.com

www.burmeseclassic.com



# အာ ခန်း တုံ

## (၁၀)

စတီးချိုင့်လေးအား သတင်းစာစက္ကူဖြင့် ပတ်ထားပြီး ဘေး၌ ပုလင်းအလွတ် အစိမ်းရောင်လေးထဲ ရေထည့်ကာ နှင်းဆီလေးတစ်ပွင့် အကြည်ကျော်ထိုးလိုက်သည်။ ပြီးတော့မှ နှုတ်မှလည်း တိုးတိုးလေးရေရွတ်ကာ . . .

"ငယ် . . နင့်ကို ငါသိပ်ချစ်တယ် . . . စတွေ့တွေ့ချင်း ချစ်မိတာ . . နင့်ရဲ့ချိုင့်လေးကို နင့်ကိုယ်စား သိမ်းထားခွင့်ပြုပါ . . . နင်နဲ့ပြန်ဆုံချိန် ပိုင်ရှင်အစစ်ကို လက်ဝယ်အရောက် ငါပို့ပေးပါ့မယ်ဟာ . . နော် . . စိတ်ချ"

ဖူးစုံက မသိမသာလှမ်းကြည့်နေသည်။ ပုလင်းအစိမ်းရောင်လေးထဲ ရေတွေထည့် . . နှင်းဆီပန်းတွေထိုး . . စတီးချိုင့်စောင့်နတ်များ အပ်နေသလားမသိ။ ပါးစပ်ကလည်း ရွစိရွစိနှင့် ဘာတွေရွတ်နေမှန်းမသိ။







ဩော် . . လူတစ်ကိုယ် အကြိုက်တစ်မျိုးဆိုတော့ ရူးပိုင်ခွင့် ရှိပါတယ်လေ။ သူ့အကြည့်နှင့် အကြည်ကျော်၏ အကြည့်သွားဆုံတော့ . . . .

"အဟဲ့ . . ဘာတဲ့လဲ . . . ပိုင်ရှင်အစစ်မှန်လေး တွေ့ရခါနီးပြီလား"

"ကောက်ရတဲ့ပစ္စည်းဟာ အချိန်တန် သူ့ပိုင်ရှင်ထံပြန်ပေးရ စမြဲပါဟာ"

"ဘာတွေပြန်ပေးနေရတာလဲဟဲ့ . . . မိုးကျော်ကတော့ ဒီနေ့ ရုံးမတက်နိုင်ဘူးတဲ့ . . . ခွင့်တင်ထားတယ်"

ကျော်ဆန်းဝင်းက သူ့စားပွဲပေါ် လွယ်အိတ်ပစ်တင်ရင်းပြောလိုက်သည်။ အကြည်ကျော်နားကပ်သွားပြီး . . .

"ဘာဖြစ်လို့လဲ . . . တစ်နေ့က အကောင်းကြီးပါ"

"ဒီနေ့နဲ့ နက်ဖြန်မတူဘူးလေ . . . ညနေ ရုံးဆင်း သူ့အိမ် သွားမေးရအောင်"

"ဒါနဲ့ ဟေ့ကောင်ကြီး . . . ငါမေးမယ် မေးမယ်နဲ့ . . . တော်တော်ကြာပြီ မမေးဖြစ်ဘူး . . . ဟိုဟာ ဘာလုပ်တာလဲ"

အကြည်ကျော်၏ စတီးချိုင့်လေးနှင့် ပုလင်းလေးကို မေးငေါ့ပြလိုက်သည်။ အကြည်ကျော်က မပွင့်တပွင့်ပြုံးပြီး . . .

"ဘာရယ်မဟုတ်ပါဘူး . . . အမြတ်တနိုးပါ"

"လုပ်ကောင်းမှန်းမသိ . . မလုပ်ကောင်းမှန်း



www.burmeseclassic.com

www.burmeseclassic.com



မသိ. . . မင်းတော့ ရူးနေပြီ"

"မရူးရင်လည်း ထူးကြတော့ဟေ့. . ငါတို့ ရုံးကဲ တစ်ယောက်ယောက် ဝါကျွတ်မှဝါးရမှာ"

ဖူးစုံကပြောလိုက်တော့ အကြည်ကျော်က လှည့်မကြည့်ဘဲ လက်မထောင်ပြသည်။ အဲဒါကို ကျော်ဆန်းဝင်းက . . .

"အားမကိုးနဲ့ဟေ့. . . လက်မလောက်ပဲ ရှိတယ်တဲ့ဟ"

"ဟား ဟား. . . ဟီး ဟီး"



ဒါ

ခန်း

ဝှင်

(၁၁)

"ဟာ. . လူစုံတက်စုံပါလားဟေ့. . . ကဲ. . ကဲ ထိုင်ကြ. . ထိုင်ကြ. . . သားရေ မိုးကျော်. . . ဒီမှာ မင်းရုံးကသူငယ်ချင်းတွေဟေ့"

"အဘ. . နေ နေ. . . ဘယ့်နှယ် ဖျာခင်း နေရတာတုံး"

"ဟဲ့ ဖူးစုံ ထိုင်လေ. . . အဲဒါပဲ. . . ထဘီ မဝတ်တော့ ထိုင်ရ ထရခက်နေပြီမဟုတ်လား"

"စကပ်က လွယ်တာတစ်ခုပဲရှိတယ်"

ဖူးစုံက ထုံးစံအတိုင်း ကျော်ဆန်းဝင်းကို သူ့ရဲ့နှုတ်ခမ်း ထူအမ်းအမ်းကြီးထော်လိုက်ကာ . .

"ကိုကျော်ဆန်းဝင်း. . . နေရာကြည့်နောက်"

"ငါက ဘာပြောလို့လဲ. . . အရေးရယ် အကြောင်းရယ်ဆိုရင် ဝတ်ရချွတ်ရလွယ်တယ်လို့ ပြောတာပါ"

အကြည်ကျော်က စကားဖြတ်သည့်အနေ ဖြင့် . . .



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . ချွတ်ရတာမလွယ်တဲ့ ဦးမိုးကျော် ထွက်ခဲ့ပါဦးဗျာ"

"လာပြီ . . လာပြီ . . . အဟွတ် ဟွတ်"

"ဟော့ကောင် . . . နှာခေါင်းပိတ်ဆိုး . . . ကြက်ငှက်တုပ်ကွေးလားမသိဘူး"

"ပါးစပ်က ချောင်းဆိုးတာ နင့်အမေလင် မို့ နှာခေါင်းပိတ်ရမှာလား . . . ခုမှ သေသေချာချာ ကြည့်မိတယ် . . . တော်တော်လေး ပိန်သွားတာပဲ . . နဂိုကမှ မျက်လုံးရေတွင်းလိုဖြစ်နေရတဲ့ကြားထဲ . . . အရွေးထည်က စစ်ဆွယ်တာ၊ နဖူးကပြောင် ပြောင်၊ မျက်တွင်းက ဟောက်ပက်၊ ဒူးနှစ်လုံး ထောင်ပြီး ထိုင်လိုက်ရင် ဘယ်လာ သရဲအိမ် ဟက်ပီးဝေါလ် သွားစရာမလိုတော့ဘူး"

"သွေးသွန် . . . အဲလေ . . သွေးလွန် တုပ်ကွေးလား"

"တီဘီဖြစ်မှာပေါ့"

"ကဲ တော်လိုက်တော့ . . . ရှင်တို့တွေပြော တာနဲ့ ကိုမိုးကျော် ရေခဲတိုက်ကထွက်ရတော့မှာ မဟုတ်ဘူး . . . လူနာလာမေးတာ . . . နာရေး လာမေးတာ မဟုတ်ဘူး"

"နာတော့နာပဲဟ . . . အတူတူပဲဥစ္စာ"

"ကဲ စတင်အခင်းဖြစ်ပွားစဉ်က ကိုမိုး ကျော် . . ဘယ်မှာရှိနေလဲ"

မိုးကျော်ဖခင် ဦးထူးသန့်က ဘာမသိ ညာမသိနှင့် ဝင်ပြောလိုက်သည်။





"အခင်းစဖြစ်တာ ဓမ္မာရုံက စရမှာပေါ့ ကွယ် . . . မဟုတ်ဘူးလား လူလေး"

"ဟာ . . အဖေ ဘာတွေလျှောက်ပြောနေ တာလဲ . . . တော်ကြာ ဒီကောင်တွေ ရုံးမှာ မဟုတ် ကဟုတ်ကသတင်းတွေ လွှင့်နေပါဦးမယ်"

ရပ်ကွက်ဓမ္မာရုံဆိုတော့ အားလုံးက စိတ် ဝင်စားသွားကြသည်။ ဘာလဲဟ . . ဘယ်လိုကြီးလဲ။ အကြည်ကျော်က မိုးကျော်နား တိုးကပ်သွားပြီး ပေါင်ကိုပုတ်ကာ . . .

"လုပ်စမ်းပါဦး . . . စိတ်ဝင်စားလို့ . . . ဘာတဲ့ လမ်းထိပ် ဓမ္မာရုံဟုတ်လား . . . မင်းနှယ် ကွာ . . . ဓမ္မာရုံဆိုတာ ကောင်းမှုကုသိုလ်တွေလုပ် တဲ့နေရာကွ . . . ရှောင်သင့်ပါတယ်"

မိုးကျော်ကကမန်းကတန်း အကြည်ကျော် ပါးစပ်ကို လက်ဖြင့်ပိတ်ပြီး . . . .

"ဟော့ကောင် တော် . . တော်လိုက်တော့ . . . မင်းတို့ထင်သလိုမဟုတ်ဘူး . . . ငါ့အတွက် ဘာတွေပါလာသလဲ . . စိတ်မပူပါနဲ့ . . . နက်ဖြန် သန်ဘက်ခါဆိုရင် မိုးကျေ- ါင်ဒေါင်မြည်ပြီ"

"ရပ်ကွက်ဓမ္မာရုံအမား ကင်းတဲဆိုရင် ကော မကောင်းဘူးလားကွာ"

ကျော်ဆန်းဝင်းက လမ်းကြောင်းလွှဲထား သော စကားကို ပြန်တည့်ပေးလိုက်သည်။

"ကင်းတဲမှာမဟုတ်ဘူးကွ . . . လမ်းထိပ် . . ဘာတဲ့ . . ဗာဒံပင်အောက်က အုတ်ခုံ . . . အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



ကစ ပြဿနာဖြစ်တာ”

မိုးကျော်အဖေက ဘာတွေဝင်ပြောမှန်း မသိဘူး။ မိုးကျော်ကဖုံး . . သူ့အဖေကဖော်နှင့် . .

“ကဲ အဖေရေ . . . ကျွန်တော်ပြောပြ *လိုက်တော့မယ် . . . မပြောရင် ပြဿနာက ကျွန်* တော့်ဘက်ဦးတည်လာပြီ . . . ဒီလိုဟ . . . ဒီလို . . . ဟိုတစ်နေ့ညက ခုနကငါ့အဖေပြောတဲ့ ဗာဒံပင်နဲ့ အုတ်ခုံလေးပေါ်မှာ ငါ့ညီမနဲ့ သူ့သူငယ်ချင်း ဘော်ဒါတွေ ဂစ်တာထိုင်တီးကြတော့ ရပ်ကွက်ထဲက လာတိုင်တယ် . . . မိန်းကလေးဆိုလို့ သူ တစ်ယောက်တည်းပါတယ် . . . မသင့်တော်ဘူးတဲ့ . . ညဉ့်လည်း နက်နေပြီ . . . ငါက ဖျားချင်သလိုလို ဖြစ်နေလို့ အိပ်ရာထဲကွေးနေ တာ . . . အဖေသွားခေါ်တော့ မရတာနဲ့ ငါကိုယ်တိုင် တုတ်နဲ့လိုက်ရိုက်တော့မှ ပြေးတော့တယ် . . . အဲဒီပင်ပန်းမှုကြောင့် ငါ ခုလိုဖြစ်နေရတာ ရှင်းပြီနော်”

“ဩော် . . ဒါကြောင့်ကိုး . . . သိပါဘူး . . . ငါတို့က ဟိုရပ်ပေါက်နေတော့ . . . ဟား ဟား . . . အနာပေါ် စတီးချိုင့်ကျတာကွ”

“ဟော့ . . ဟော့ . . . ငါ့ဘက် မလှည့်နဲ့နော် . . . ဒါနဲ့ မင်းပြောတဲ့ မင်းညီမဆိုတာက”

“တွေ့ချင်ရင် သုံးနာရီစောင့် . . . ရုံးက ပြန်မရောက်သေးဘူး”

“မင်းကွာ . . . ကိုယ့်ညီမလေးကို သွားစောင့်သင့်တယ်”





# ကဲ...ဘာဖြစ်ချင်တာလဲ

“မလိုဘူး . . . သူ့မှာ (၃၇)မင်း မကဘူး . . . မင်းပေါင်း တစ်ရာကျော်တယ် ကိုယ့်လူ”

“ဩော် . . ကနားစီးကိုး”

“ဟား ဟား . . . ဟီး ဟီး”



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၂)

အဲဒီတုန်းကသာ ချစ်ထူးငယ်နှင့် အကြည်ကျော်တွေ့သွားရင် ဘာတွေဆက်ဖြစ်ကြမယ် မသိဘူး။ မတွေ့တာပဲ ခပ်ကောင်းကောင်း။

အဲ. . သူတို့နှစ်ယောက်၏ကံကြမ္မာက လည်း နောက်ထပ်ဆုံဖို့ အကြောင်းဖန်လာပြန်လေသည်။ အဲဒါက အကြည်ကျော်တို့ရုံးမှာ ဝန်ထမ်းမိသားစု ကထိန်ခင်းကြသည်။ ဒီတော့. . .

"ငါ တောင်းပန်ပါတယ်ဟာ. . . ဒီတစ်ခါလေးပဲ ဝတ်စမ်းပါနော်. . . နောက်တော့ နင်ကြိုက်တာဝတ်. . . လိမ္မာပါတယ် ညီမလေးရယ်"

"လိမ္မာတာ နောက်မှပြော . . . ဘယ်မလဲ . . ချစ်ထူးကိုယ်ပိုင် အဝတ်အစား"

"ဟာ. . နင့်အင်္ကျီတွေက ဘယ်ရောက်ကုန်လို့လဲ"

"ဘယ်မှမရောက်ဘူး . . ထဘီတွေရောင်း၊







အင်္ကျီတွေ ရောင်းပြီး ယောကျ်ားရှပ်တွေ၊ ဂျင်းဘောင်းဘီတွေ အထည်ဟောင်း ဆိုင်က ပြန်ဝယ်တာ"

"ပြဿနာပဲ. . . တစ်စုံတလေတောင် မရှိတော့ဘူးလား"

"မလိုက်တော့ပါဘူး"

"မလိုက်လို့မရဘူးလေ. . . ငါ့ရုံးမှာ နင့်ကို အလုပ်သွင်းပေးဖို့ မန်နေဂျာကြီးကိုပြောထားပြီးပြီ . . ပြီးတော့ ငါတို့မရှိဘဲ နင့်ကိုတစ်ယောက်တည်းထားခဲ့လို့ မရဘူး. . . နင်က ဗျတ်ဝိဗျတ္တဝင်စားထားသလားမသိဘူး. . ဟိုခုန်ဒီကျော်နဲ့. . ပြဿနာမရှင်းနိုင်ဘူး . . ရပ်ကွက်ထဲကကောင်မလေးတွေ ရည်းစားစာလိုက်ပေးတာလည်း ရှင့်ညီမကို ကြောက်တယ်တဲ့. . ငါ့ဘဝက အဝေးကွင်း လည်းကန်လို့ မရ၊ အိမ်ကွင်းလည်း ကန်လို့မရနဲ့. . . တောက်. . အမေတို့က ဘယ်လိုဟာမများမွေးခဲ့လဲ မသိပါဘူးဗျာ. . . စိတ်ကိုညစ်ကရောပဲ"

နှစ်ယောက်သား ဘာစကားမှမပြောဖြစ်ဘဲ အတန်ကြာ စဉ်းစားနေကြသည်။

"နောက်ဘက်လမ်းက မကြူကြူသင်းဆီက ငှားဝတ်ရင်. ."

"ငှားပါလိမ့်မယ် အားကြီးကြီး. . . သူ့ခွေးတွေကို နင်လေးခွနဲ့ပစ်လို့ နင့်တောင် လည်ပင်းညှစ်သေးတယ်လေ. . . တခြားဟာ စဉ်းစား. . . ဟဲ့ အေးအေးခိုင်. . . အေးအေးခိုင်"



www.burmeseclassic.com

www.burmeseclassic.com





ချစ်ထူးငယ်က လက်ခါပြပြီး . . . .

"သူ့ယောက်ျားဆိုးတာ မကြာသေးဘူး . . ချစ်ထူးကို အကြောင်းပြုပြီး ခွင်ဆင်ဖို့မကြိုးစားနဲ့ . . . ပြီးတော့ ချစ်ထူးနဲ့မတည့်ဘူး . . . သူ့ကို ရည်းစားစကားပြောလို့တဲ့"

"ဘာ . . နင်က . . . ပြောရင်းပြောဲရမှာ ငါဟ"

"စိတ်လျှော့လိုက် . . . သူသားဖက်တီးက လက်သွက်တယ် . . . သေသွားမယ်မှတ်"

"ဂွမ်းပုံလေးကမှ နီးစပ်ဦးမယ်"

"ဟား ဟား ဟား . . . နင့်အရပ်အမောင်းနဲ့ ဟိုကဂျပု . . . တခြားစီမှ တခြားစီ"

ချစ်ထူးငယ် ဆောင့်ကြောင့်ထိုင်ချလိုက်ပြီး သူ့ဆံပင်တွေသူ ဆွဲကာ . . .

"စိတ်ညစ်လိုက်တာနော် . . . အဲဒါကြောင့် ပြောတာ . . . ယောက်ျားလေးဝတ်စုံပဲ ဝတ်မယ်ဆို တော့လည်း အဖေရော၊ အစ်ကိုရောက ခွင့်မပြု . . . ဘာဆက်လုပ်ရမလဲ"

"ငါကလည်း ငါ့ညီမလေး ဘယ်လိုလှတယ်၊ ဘယ်လိုချောတယ်ပြောထားလို့ပါဟာ . . . ပြီးတော့ ဘာသာရေးပွဲလည်းဖြစ်နေလို့ . . . ငါ ဝိုင်းစဉ်းစားပေးပါမယ်နော် . . . စိတ်မပျက်ပါနဲ့"

ခဏတိတ်ဆိတ်သွားသည်။ တအောင့်အကြာ . . .

"ဟာ ဟုတ်ပြီ . . . ဒီထက် မြန်မာဆန်







တာ တော့မရှိတော့ဘူး . . . အကုန်အံ့ဩသွားစေရမယ်"

ချစ်ထူးငယ် မိုးကျော်ကိုကြည့်ပြီး ဘယ်လို များ ကြံစည်မလဲပေါ့နော်။ အားကိုးတကြီးနှင့် . . .

"ဘယ် . . . ဘယ်သူ့ဆီက ရမှာလဲဟင် . . . ဘယ်လိုပုံစံမျိုးလဲ"

"နင့်အစ်ကို မိုးကျော်ပါ၊ ရုံးမှာရှိတဲ့လူတွေ အားလုံး ဟာခနဲ ဟင်ခနဲဖြစ်သွားစေရမယ် . . . ကဲ ထ . . ငါနဲ့လိုက်ခဲ့"

ညီမဖြစ်သူ ချစ်ထူးငယ်ကို မိုးကျော်က တက်ကြွရွှင်လန်းစွာနဲ့ လက်ဆွဲခေါ်သွားသည်။ ချစ်ထူးငယ်ကတော့ ကြောင်တောင်တောင် မယုံတစ်ဝက် ယုံတစ်ဝက်နှင့်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်းစဉ် (၁၃)

ခန်းမကြီးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လို့နေသည်။ ဆရာတော်ဘုရားမှပေးနေသော ငါးပါးသီလတရားသံမှလွဲ၍ ဘာသံမှမကြားရ။

"ပါဏာတိပါတာ - ဝေရမဏီ သိက္ခာပဒံ - သမာဒိယာမိ..

အဒိန္နာဒါနာ - ဝေရမဏီ သိက္ခာပဒံ - သမာဒိယာမိ...

ကာမေသု မိစ္ဆာစာရာ - ဝေရမဏီ သိက္ခာပဒံ - သမာဒိ ယာမိ...

မုသာ..."

"ဝွမ်း"

"ချလွင်"

တရားနာနေသောလူအပေါင်းတို့၏မျက်လုံးများသည် အချိုးမကျ ပုံမကျ ဘယ်ကဘယ်လို ရွေးချုပ်ဝတ်လာမှန်းမသိသော ကြိုးကြီးချိတ် ကန့်လန့်







စင်းအနီ၊ ရှန်သားစ ပါးပါးလှပ်လှပ်လေး အနီရောင်နှင့် ရှေးခေတ်မင်းသမီးကြီးတွေပုံစံ ဝတ်ထားပြီးမှ ယောကျ်ားဘိုကေလို ဆံပင်ပုံစံနှင့် ချစ်ထူးငယ်ကိုဝိုင်းကြည့်နေကြသည်။ တစ်နေကုန် ဟိုဟာနှင့် ခလုတ်တိုက်၊ ဒီဟာလွတ်ကျ.. ကူညီရာမရောက် နှောင့်ယှက်ရာရောက်နေသည်။

ထဘီကလည်း မကြာခဏ ကျွတ်ကျွတ်ကျသေးသည်။ သူ့အစ်ကို မိုးကျော်က တွေ့ရာကြိုးတစ်ချောင်းနှင့် စည်း[illegible]းမှ မကျွတ်တော့။ သူ့ခမျာလည်း ဝတ်လေ့ဝတ်ထရှိပုံ မရ။ နောက်မှသိရသည်က သူ့မိခင်ဝတ်စုံတွေ သူ့အဖေ အမှတ်တရ သိမ်းထားသည့်ကြားမှ ခိုးဝတ်လာခြင်းဖြစ်သည်။

"မိုးကျော်.. မင်းညီမကို အပြင်မှာ သွားထိုင်ခိုင်းထား.. ဘာမှဝိုင်းမလုပ်နဲ့လို့... ခုနကလည်း ဂျာကြီးအကုန်း သူက နောက်ကနေပြီး ဒူးနဲ့တိုက်ထည့်လိုက်တာ.. မြီးညှောင့်ရိုး အောင့်သွားပြီးပြီ... ကံကောင်းလို့... ပန်းကန်တွေဆေးတဲ့ ဇလုံထဲ ခေါင်းမစိုက်တယ်"

"အေး.. အေး... ငါပြောထားမယ်.. မင်းသာ စိတ်အေး လက်အေးတရားနာ ... ဒါနဲ့ ဟိုကောင်ရော ... အကြည်ကျော် ခုချိန်ထိမရောက်သေးဘူးလား.. ရုံးခန်းကိုဖုန်းဆက်ထားတယ် ... သူ့အမေ နေမကောင်းလို့တဲ့ မလာနိုင်တော့ဘူး... ပြီးမှ ငါတို့ သွားပို့ကြတာပေါ့"

"အေး အေး.. ဒါဆိုလည်း ပြီးရော..



www.burmeseclassic.com

www.burmeseclassic.com



ငါ့မှာတော့ မိန်းမလည်းမရှိ . . . ကလေးလည်း မရှိနဲ့ တရားမနာရဘူး . . . ငါ့ညီမ မျောက်လောင်းမကိုပဲ လိုက်ထိန်းနေရတယ် . . . ဒုက္ခ . . ဒုက္ခ"

သူ့နဖူးလေးသူပွတ်ပြီး တိုက်ပုံတကားကားနှင့် ပွစိပွစိပြောပြီးထွက်သွားလေ၏။ ဟိုရောက်တော့ ချစ်ထူးငယ်ကိုရှာမတွေ့ပေ။ ဟိုတစ်ခန်းဝင်၊ သည်တစ်ခ န်းထွက်နှင့် ချာလပတ်ရမ်းနေ၏။ ရှာလိုက်ရတာ။ နဖူးမှာလည်း ချွေးတွေရွှဲနစ်လို့ တိုက်ပုံထဲက လက်ကိုင်ပဝါနှင့်ထုတ်ထုတ် သုတ်ရလွန်း၍ နဖူးကြီးကရဲ ိုး ေ ြ ာင်နေပြီ။

ဘုရား ဘုရား။ ဘာဒုက္ခပေးဦးမလဲ မသိဘူး။ ပုဆိုးနှစ်ဖက်မ,ပြီး အိမ်သာတွေထဲအထိ လိုက်ရှာတော့ ပြဿနာကတက်ပြန်ရော။

"ဟဲ့ဟဲ့ . . မိုးကျော် . . . ဒါ ဘာလုပ်တာလဲ . . . မိန်းကလေး အိမ်သာလေ . . . စာမတွေ့ဘူးလား ထိပ်ပြောင်ရဲ့"

"ဟာ ဆောရီး . . ဆောရီး . . ကျွန်တော့်မျောက် . . . အဲလေ . . ညီမပျောက် ပျောက်သွားလို့ . . . အဲဒါ . . ."

လူတွေများတော့ မစောင့်နိုင်၊ မထိန်းနိုင်တဲ့အဒေါ်ကြီးတွေ ကုန်းကုန်းကွကွ ကြုံရာနေရာလေးမှာ ကိစ္စရှင်းနေတုန်း သူကမပြောမဆိုနှင့် စွတ်ခနဲဝင်သွားသည်။

"တိုင်မယ် . . . နင့်ကို လူကြီးတွေနဲ့ တိုင်





မယ်"

"ဟာ . . . မလုပ်ပါနဲ့ ဒေါ်လေးရယ် . . . ကျွန်တော်ပြောပြီးပြီပဲ . . . ဘာအကြံအစည်မှ မရှိပါဘူး . . . မေ့ပြီး ဇောနဲ့ဝင်လိုက်မိတာပါ"

ပြောပြီး လှည့်ထွက်မည်အလုပ် အပျိုကြီးဒေါ်စောတင်က ဖတ်ခနဲလက်ဆွဲလိုက်ပြီး နောက်ကသိုင်းဖက်ကာ . . .

"အံမယ် . . ဒီလိုလွယ်လွယ်ပြော လွယ်လွယ်ပြေးလို့ ရမလား . . . ဟဲ့ကောင်မတွေ . . . လာ ဆွဲထား . . . သူ့ ဂျာကြီးရုံးခန်းပို့ရမယ်"

"ဒေါ်စော . . . ကျုပ်ကိုလွှတ်နော် . . . ကျုပ်ပြောပြီးသားနော်"

"နင် တကယ်မှန်ရင် ရုံးခန်းမှာရှင်းရဲရမှာပေါ့"

"ရှင်းမယ်ဗျာ . . လွှတ် . . . ကျုပ်ဘာသာကျုပ် လိုက်ခဲ့မယ်"

အဲဒီအချိန်မှာပဲ ကျော်ဆန်းဝင်းကတွေ့ဝေသွားပြီး . . .

"ဟေ့ ဓာတ်ပုံဆရာ . . . ဓာတ်ပုံဆရာ . . . ဒီပုံကို ရိုက်စမ်းပါ . . . ပေါ်ပြူလာဖြစ်ဖြစ်၊ အလင်းတန်းဖြစ်ဖြစ်ပို့လို့ရတယ် . . . ကထိန်ဖူးစာ . . ကထိန်ဖူးစာ"

"ကထိန်ဖူးစာမဟုတ်ဘူးဟေ့ . . ထိန်ပင်(လှိုင်သာယာ သုသာန်) ဖူးစာ"

"ဒီလိုဆံပင်မှမရှိ ဘာမရှိ ထိပ်ပြောင်နဲ့ညား



www.burmeseclassic.com

www.burmeseclassic.com



မှတော့ စိတ်ညစ်ပြီး ထိန်ပင်ပဲရောက်မှာပဲ့ သိရဲ့လား သေနာကျရဲ့"

အပျိုကြီးဒေါ်စောတင်ရဲ့စကားကြောင့် တစ်ရုံးလုံး တဟားဟား တဟီးဟီးနှင့် ချစ်ထူးငယ်ကတော့ ကိုးလိုးကန့်လန့်အဝတ်အစားကြီးနှင့် အိမ်ပြန်လို့သွားပါပြီ။

မိုးကျော်သာ ပြဿနာတွေတသီကြီးနှင့် ကျန်နေခဲ့ရသည်။ အကြည်ကျော်နှင့် ချစ်ထူးငယ်တော့လွဲ လွဲသွားရပြန်ပါပြီ။





# အာ

# ခန်း

# ဝင့်

## (၁၄)

စာတိုက်မှတ်တိုင်အရောက်

"စာတိုက်. . စာတိုက်. . . သွက်သွက်လေးဆင်းမယ်. . သွက်သွက်လေးတက်မယ်. . ဝေးရင်အလယ်အထိတိုးသွားပါ. . .  ကျောချင်းကပ်ပါ. . စည်းလုံးပါ. . ရှေ့မှတ်တိုင်ဆင်းမယ့်လူ ကြို့ပို့ဂိုင့်ကြို့ပို့ဂိုင့်ထွက်ထား. . ."

ကားစပယ်ယာ၏အသံက ကားတစ်စီးလုံးလွှမ်းမိုးထားသည်။ သည်နေ့ကျမှ ကားကပိုကျပ်လာသည်ဟု ထင်မိလိုက်သည်။ ချွေးတွေ အတောင့်လိုက်ထွက်လာသည်။ မျက်လုံးကလည်း ကျီးကန်းပမာ ဟိုကြည့် ဒီကြည့် ပြတင်းပေါက်ကို ငုံ့ကြည့်။

"တောကလာတာနဲ့တူပါတယ်. . မမြင်ဖူးလို့ကြည့်တာနေမှာပေါ့နော်"

"သူဆင်းမယ့်မှတ်တိုင် မသိလို့နေမှာပါဟယ်"



www.burmeseclassic.com

www.burmeseclassic.com



"တောရုပ်မပေါက်ဘူးနော်. . ကြည့်ပြောကြ"

"ဘာလို့မပေါက်ရမှာလဲ . . . တွံတေး ဦးသိန်းတန် သေသွားလို့ ဝင်စားတာလားမှမသိတာ . . . တိုက်ပုံနဲ့၊ လွယ်အိတ်နဲ့၊ ထီးက တစ်ဖက်၊ ချိုင့်ကလည်း နှစ်လုံးတောင်. . . ဧကန္တ ညစောင့်ဖြစ်ရမယ်"

"ဟဲ့. . ညစောင့်ဆို အစောကြီးရှိသေးတဲ့ဥစ္စာ. . . ပြီးတော့ ချိုင့်က နှစ်လုံး"

"ဟုတ်တယ်လေ. . . နေ့ခင်းလည်း စောင့် . . ညလည်းစောင့်. . နှစ်ဂျူတီဆိုတော့ မနက်စာရော၊ ညစာရော ထည့်လာတာ နေမှာပေါ့ဟဲ့ ငတုံးမရဲ့"

မျက်လုံးရော၊ နားရောကောင်းနေတော့ ခက်သားလား။ ဟော တွေ့ပါပြီဗျာ။ စတီးချိုင့်လေး စအပ်တဲ့နေ့ကတွေ့တဲ့ တစ်ခြမ်းပဲ့ကြီး။ အံမယ် . . ရှပ်အင်္ကျီအပွင့်ခက်တွေနှင့် မျက်နှာကတော့ ထုံးစံအတိုင်း ရေဆေးပန်းချီကားဆေးခွက်ထဲ မှောက်လျက်လဲခဲ့တဲ့ပုံစံ၊ ကာလာကိုစုံလို့။ သူကလည်း မှတ်မိသား . . . ပြုံးပြတယ်။

"ဟိုက်. . သွားတွေလည်း မရှိဘူး"

ပြောတုန်းရှိသေး။ နောက်ကလူက မမှီမကမ်းနဲ့ ကားအပေါ် လက်တန်းလှမ်းကိုင်လိုက်တာ သူ့လက်ကဟန်းချိန်းနဲ့ ခုနကတစ်ခြမ်းပဲ့ ကြီးဆံပင်ငြိပါသွားတော့ . . .

"ဟာ. . ထိပ်ပြောင်. . . ထိပ်ပြောင် မိုးကျော်လိုပုံစံကြီးဟ"





ဟိုလူကလည်း မသိဘူးထင်သည်။ ဟိုရွှေ့ ဒီရွှေ့နှင့်။ သူ့ လက်မှာကလည်းဆံပင်အတုကြီးက တွဲလောင်း တွဲလောင်းနှင့်။ ခရီးသည်တွေက ကိုယ့်အလုပ်ဇာနှင့်ကိုယ်ဆိုတော့ ဘာကိုမှသတိမထားမိကြပေ။

တစ်ခြမ်းပဲ့ကြီးကလည်း အကြည်ကျော်ကို မြှူဆွယ်နေတော့ သူ့ဆံပင်ကိုသူ သတိမထားမိဘဲ ပြုံးပြနေသည်။ သူပြုံးလေ ကြောက်စရာကောင်းလေပင်။ စမတ်ဒေါင်းထဲက ကိန်းပုံစံမျိုးကြီး။ ကြက်သီးတွေပင် ထမိသည်။

သို့နှင့်ပင် သူ့မကြည့်မိအောင် မျက်နှာလွှဲလိုက်တော့မည်အလုပ် ကားတစ်စီးလုံး ဆူညံပွက်လောရိုက်သွားသည်။

"ခါးပိုက်နှိုက်လား. . . နှမချင်းမစာနာလက်ဆော့တဲ့လူ လား"

"ရိုက်ကွာ. . . ရိုက်"

ထစ်ခနဲရှိ ရိုက်မည်ဆိုသည့်လူနှင့်။ ဇစ်မြစ်ကို မလေ့လာဘူး။

"ရဲစခန်းမောင်း"

"ဟာ. . ဘာကြီးလဲဟ. . . မေးနေတယ်လေ"

"ခေါင်းပြတ်ကြီးလား"

"ဟော့. . ဟော့. . ဒါ ဘယ်သူ့ဟာကြီးလဲဟ"

လူတစ်ယောက်က ခုနကတစ်ခြမ်းပဲ့ကြီး၏ဆံပင်အတုကြီးကိုင်ပြီး အော်မေးတော့မှ တစ်ခြမ်းပဲ့ကြီးက သူငယ်ရဖို့အရေးဆိုသည့် ခေါင်းစဉ်



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း သူငယ်ရှာဖွေနေရာမှ သတိရပြီး သူ့ခေါင်းသူစမ်းကာ . . .

"ဟယ်တော့. . . ကျွန်မဥစ္စာ. . . ကျွန်မဥစ္စာ"

"ကျွန်မဥစ္စာကြီးက ဘယ်ကဘယ်လို . . ရွှေ့ရောက်လာတာလဲ"

"ရော့"

လှမ်းပစ်ပေးတော့ မမိမကမ်းနှင့်လှမ်းဖမ်းသည်။ သူလွယ်ထားသည့်အိတ်အကြီးကြီးနှင့် ထိုင်နေသည့်ဦးလေးကြီးတစ်ယောက် နဖူးကို . . .

"ဒုတ်"

"အမလေး"

"တောက်. . . အလုပ်ကိုရှုပ်နေတာပဲ"

ပြောတုန်းရှိသေး။ သူ့ခေါင်းပေါ်က ပြုတ်ကျလာသည့် ပစ္စည်းတွေ ပေါင်ပေါ်ရောက်ကုန်သည်။ ငုံ့ကြည့်လိုက်ရာ . . .

"ဟာ. . ဟော့. . . နင့်ဟာတွေ ပြန်ယူစမ်း . . . နှုတ်ခမ်းနီ တွေရော. . . လက်သည်းဆိုးဆေးတွေ. . ဟာ. . ဒါဘာလဲ. . ဟော့ ဟော့. . ရော့ . . ဒီမှာအဖော်တွေကျန်နေသေးတယ်"

ကားပေါ်ပါခရီးသည်များ၏ ရယ်သံတွေကြောင့် တစ်ခြမ်းပဲ့ကြီး နီးစပ်ရာမှတ်တိုင်တွင် ဆံပင်တုက တစ်ဖက်၊ အိတ်ထဲပစ္စည်းတွေထည့်ရင်း ပွစိပွစိပြောကာ ကျန်ခဲ့ပါတော့သည်။

အကြည်ကျော်က လှမ်းပြီးနောက်မည်





ဆိုကာ ပြတင်းပေါက်မှန်ထဲက ငုံ့အကြည့် . . .

"ဟင်. . ငယ်. . . စတီးချိုင့်မလေး"

ရှပ်လက်တိုနီကွက်၊ ဂျင်းဘောင်းဘီအစုတ်နှင့် နှုတ်ခမ်းလေးချွန်ကာ ကားစောင့်နေသည်ကို တွေ့လိုက်ရသဖြင့် . . .

"မှတ်တိုင်ပါတယ်"

အတင်းတိုးဝှေ့ပြီး အဆင်းအတက်နားမရောက်ရောက်အောင် သွားလိုက်သည်။

"ကြိုမထွက်ထားဘူး"

"အမရေး . . တေပါပြီ. . . ခြေထောက်တက်နင်းတယ်တော့"

"ဟဲ့ အကောင်. . . နင့်ထမင်းချိုင့်က ငါ့ဒူးခေါင်းကို ဆော်ထည့်သွားပြီ"

ကြိုက်တာပြောကြ။ ခုနကတွေ့လိုက်ရသည့် မှတ်တိုင်ကို အပြေးအလွှားသွားလိုက်သည်။ အနားရောက်တော့ ဘယ်ကားနှင့် တက်လိုက်သွားမှန်းမသိလိုက်ရတော့ပါပေ။

"ဟူး"

သက်ပြင်းရှည်ကလွှဲ၍. . . . .။



www.burmeseclassic.com

www.burmeseclassic.com



# အာ ခန်း ဝဠ် (၁၅)

ကျန်းမာရေးလိုက်စားနေသော လူကြီးတစ်ယောက်ကို လက်ညှိုးထိုးပြစမ်းပါဟု ပြောလာသူများရှိလာပါက ဦးထူးသန့်ကိုသာ ပြရပါလိမ့်မည်။

အဘယ်ကြောင့်ဆိုသော် နံနက်တိုင်း အသွားအပြန် ပေါ်ဆယ်ရှိသော လမ်းမပေါ်၌ ခေါက်တုံ့ခေါက်ပြန် ဆွဲခြင်းတစ်လုံးနှင့် ဈေးဝယ်ထွက်ထွက်နေရခြင်းမှာ နေ့စဉ်ရယ်ပါ။ ပင်စင်စားဖြစ်သဖြင့် အလုပ်မယ်မယ်ရရမရှိ။

ထို့ကြောင့် သားနှင့်သမီး ရုံးချိန်အမီ ဈေးဝယ်သည်။ ကျန်တာသာ မိန်းကလေးမပီသပေမယ့် ချက်ရေးပြုတ်ရေးကတော့ လှည့်ကြည့်စရာမလို။ ထမင်းဝိုင်းမှာလည်း လှည့်ကြည့်စရာမလို။

အဘယ်ကြောင့်ဆိုသော် ဘာတစ်ခုမှ အစပ်အဟပ်မတည့်၍ ဖြစ်ပါသည်။





ယခုလည်း ဈေးကပြန်လာရင်း လမ်းထိပ်အုတ်ခုံဘေး၌ ခဏထိုင်အမောဖြေနေစဉ် အမှတ်မထင်တွေ့လိုက်ရသည်က ကြက်မွေးတွေစုပုံထားသည်။ နားမကြာခဏယားတတ်သဖြင့် ဆွဲခြင်းဘေးချကာ ကောင်းတာလေးတွေ စိတ်ကြိုက်ထိုင်ရွေးပြီး ဆွဲခြင်းထဲထည့်၍ အိမ်ပြန်လာခဲ့သည်။

ပြီးနောက် လင်ဗန်းအလွတ်တစ်ခုထဲ၌ထည့်၍ အိမ်ရှေ့၌ နေလှမ်းထားသည်။ ချစ်ထူးငယ်ကြော်ပေးထားသော ထမင်းကြော်ကို ရေနွေးကြမ်းနဲ့ ထိုင်စားနေစဉ်မှာပင်။

"ဦးထူးသန့် . . ဦးထူးသန့် . . ကိုမိုးကျော်"

"ဟေလကွာ . . . ငါရှိတယ်ဟေ့ တက်ခဲ့"

တစ်ရပ်ကွက်လုံးက အော်ကျောလန်ဟုသတ်မှတ်ထားသော ဒေါ်ကြူကြူသင်း။ မျက်နှာကရှစ်ခေါက်မက ချိုးထားသည်။ အိမ်ပေါ် သို့ဆောင့်ကြီး အောင့်ကြီးနှင့် တက်လာသည်။ လက်တစ်ဖက်ကလည်း ခုနလေးမှ ဦးထူးသန့် နေလှမ်းထားသော ကြက်မွေးဗန်းကြီးကိုင်ကာ . . .

"ဖုန်း . . ခလွမ်း"

"ဟာ . . ဟ . . ဖြည်းဖြည်းနင်း . . ဖြည်းဖြည်းချပါဟ . . . ဘာ . . ဘာဖြစ်လာလို့တုံး . . အဲဒီကြက်မွေးတွေက ကျုပ်ဥစ္စာတွေ . . . နေလှမ်းထားတာ"

ဒေါ်ကြူကြူသင်းက ရာအိမ်မှူးဦးသန့်ရောင်ဘက် ကြည့်လိုက်ကာ . . .



www.burmeseclassic.com

www.burmeseclassic.com



ကိုင်း.. ဘယ့်နှယ့်ရှိစဆိုသော မျက်နှာပေးနှင့် ....

"ဦးထူးသန့်... ခင်ဗျားလည်း အသက်က မငယ်တော့ပါဘူး ဗျာ"

"ဘယ်ငယ်မလဲဗျ... ဘာလဲ သက်ကြီးပူဇော်ပွဲအတွက် စာရင်းလာကောက်တာလား"

"ဘာတွေပြောနေတာလဲ... တကယ်ဆိုကလေးတွေမှားတာတောင် ခင်ဗျားက ဆုံးမသွန်သင်ရမယ့်ဥစ္စာ... ခုတော့ ခင်ဗျား ကိုယ်တိုင်က အလိုတူအလိုပါဆိုတော့ဗျာ ... ဘယ်လာကောင်းတော့မလဲ"

နားကမကြားတစ်ချက် ကြားတစ်ချက်နှင့် ဦးထူးသန့်က ပြုံးရွှင်စွာနှင့် ...

"အဟဲ.. ဈေးထဲကဝယ်ရင် ဈေးကြီးလို့ ... ကျွန်တော့်သား ကလည်း ကျွန်တော့်အတိုင်းပဲလေ ... လိုချင်လို့လား နည်းနည်းပဲ ရမှာနော်"

ရာအိမ်မှူးဦးသံချောင်း စိတ်မရှည်တော့။ ဒေါ်ကြူကြူသင်းကလည်း ထ၍ခုန်တော့မည့်ဟန်။

"ဦးထူးသန့်... အဲဒါဆိုလျော်ပေးလိုက်တော့... ခင်ဗျားဗျာ"

"ဘာရယ်.. ဘာရယ်"

"ဘာမှမရယ်ဘူး.. ဟောဒီက ဒေါ်ကြူကြူသင်းရဲ့ကြက်မကြီးအတွက် လျော်ကြေးပေးလိုက်လို့"

"ဟာ.. မဖြစ်နိုင်တာ.. မကြူက 'ကြက်'





မှ မဟုတ်တာဘဲ .. သူရောင်းတာ ဝက်... ဝက်သား သညီလေ"

ဒေါ်ကြူကြူသင်း အသားတွေတုန်လာသည်။ ပိန်ပိန်လှီလှီ ဦးထူးသန့်၏လည်ပင်းကို ထညှစ်ချင်နေပုံရသည်။ ဒါကိုသိသော ရာအိမ်မှူးက

"မကြူ စိတ်ထိန်းပါ... ကျွန်တော် ပြောပေးနေတယ်လေ ... ဦးထူးသန့်.. ညက မကြူအိမ်ကကြက် အခိုးခံလိုက်ရတယ်.. ရပ်ကွက်ထဲက ချာတိတ်တွေက ခင်ဗျားသမီးဦးဆောင်ပြီး ကာလသားတွေနဲ့သူ ကြက်ကိုခိုးချက်စား တယ်တဲ့... အဲဒါလာပြောတာ.. လျော်ပေးဖို့.. လျော်ပေးဖို့"

ရာအိမ်မှူးအသံ ဘယ်လောက်ကျယ်သွားသည် မသိပေ။ အိပ်ရာထဲမှ မိုးကျော်လန့်နိုးသွားသည်။ ကမန်းကတန်းအပြင်ထွက်ခဲ့တော့ ...

"ဘာ.. ဘာဖြစ်လို့လဲ ဦးသံချောင်း"

"ဘာဖြစ်ရမှာလဲ... မင်းညီမ ညက သူများကြက် ခိုးချက်စားတယ်လေ... အဲဒါကို မင်းအဖေက ကြံရာပါ ကြက်မွေးတွေ နားကြပ်ဖို့ သိမ်းထားပေးတယ်... ဟောဒီမှာကြည့်"

ကြက်မွေးတွေထည့်ထားသော လင်ပန်းကြီးကိုချပြလိုက်သည်။ မိုးကျော်က မျက်လုံးကြီးပြူးပြီး သူ့အဖေနားကပ်ကာ ...

"အဖေ.. ဒီကြက်မွေးတွေ ဘယ်ကရလာတာလဲ"

"ဟေ... လမ်းထိပ်အုတ်ခုံဘေးကလေ



www.burmeseclassic.com

www.burmeseclassic.com



. . . ဈေးထဲမှာ ဈေးကြီးလို့ ကောက်လာပြီးလှမ်းထားတာ. . . အဲဒါ သူတို့ကနည်းနည်း လောက်ပေးပါတဲ့. . . ခုတော့ မဟုတ်ပြန်ဘူး. . . ကြက်ခိုးစားလို့တဲ့"

"ဟုတ်တယ် . . . အဖေ့သမီး မျောက်လောင်းမ . . သူများ ကြက်ခိုးချက်စားလို့ ပြဿနာလာရှင်းတာတဲ့. . . တောက်. . . စောစောစီးစီးကွာ. . . ကဲ ဒေါ်ကြူ. . ဘယ်လောက်ပေးရမလဲ"

"ပေးတာ မပေးတာထက် အကျင့်စာရိတ္တပျက်တာ ရပ်ကွက်ကသည်းမခံနိုင်ဘူး. . ဘယ့်နှယ်တော်. . မိန်းကလေးတန်မဲ့ ယောကျ်ားတွေ တရှန်းရှန်းနဲ့. . များကြက် လွယ်လင့်တကူ ခိုးချက်စား ရတယ်လို့. . . ဈေးထဲမှာသွားဝယ်ကြပေါ့. . . ခုတော့"

"ဒေါ်ကြူ. . ကျွန်တော့်ညီမ ကျွန်တော်ဆုံးမမယ်. . . ခု ခင်ဗျားကြက်ဖိုး ဘယ်လောက်ပေးရမလဲသာပြောဗျာ. . . တခြား ဘာတွေမှလျှောက်မပြောနဲ့"

မိုးကျော် ထရံမှမားကိုကြည့်ပြီးပြောလိုက်သည်မို့ ဒေါ်ကြူ နည်းနည်းဖြုံသွားပုံရသည်။

"အဟဲ. . သဘောပြောတာပါ. . . မကြူက အပျိုကြီးလေ . . အဲဒါ ဗေဒင်ဆရာက ယတြာချေရမယ်တဲ့. . . ကြက်နဲ့အတူ တစ်ခြင်ထောင်တည်း အိပ်ရမယ်ဆိုလို့ ကြက်မတစ်ကောင်ဝယ်ထားတာ . . . သနားလို့ပါ သတ္တဝါတွေကို. . . ပြီးရင်ချက်





စားမယ်ဆိုပြီး . . . အဲလေ. . ဘေးမဲ့ လွှတ်ပေးမယ်လို့ စိတ်ကူးထားတာ. . . ခုတော့"

"ရော့. . လေးထောင်. . . ကျေနပ်တယ်နော် . . . ခင်ဗျားတို့ ဘာတစ်ခုမှထပ်မပြောနဲ့ တော့ . . . ပါးစပ်လေးတွေကို ကျေးဇူးပြုပြီး ပိတ်သွားပေးပါ. . . မပိတ်ဘူးဆိုရင်တော့. . ."

ထရံမှာထိုးထားသောမားကို မိုးကျော်က လှမ်းကြည့်လိုက်သည်။ ပြီးတော့ မကြူတို့ကိုပြန်ကြည့်လိုက်တော့ ဘယ်အချိန်က ဆင်းသွားမှန်းပင် မသိလိုက်ပေ။ အိမ်ပေါ်စတက်ခါစက လျှောင်လှုပ်သလိုပဲ။ ခုတော့ ဘာသံမှတောင်မကြားလိုက်ရပေ။ ထရံကမား တော်တော်စွမ်းတာပဲ။

"ချစ်ထူး"

"ချစ်ထူး"

"ခင်ဗျာ. . အဲ. . ရှန်"

ကုပ်ချောင်းချောင်းမျက်နှာလေးနှင့် ထွက်လာသည်။

"သူတို့ပြောတာတွေ ဟုတ်သလား"

"တစ်ခုမှမလွဲပါဘူး"

"လွဲတာ ဘာရှိလဲ"

"မလွဲလည်း မလွဲပါဘူး. . . စကားတွေလည်း မကျန်ပါဘူး . . . အမှန်တွေချည်းပါပဲ"

"မဆိုးဘူး. . . သတ္တိရှိစွာနဲ့ဝန်ခံတယ်. . . ကြိုက်တယ်. . . အဲဒါမျိုးမှ ကြိုက်တာ"

"ခွပ်"



www.burmeseclassic.com

www.burmeseclassic.com



"အမရေး . ."

နောက်ကို မိဘဆွေမျိုးမျက်နှာကို အိုးမဲမသုတ်နဲ့ . . . ကိုယ့်ကြောင့် သိက္ခာမကျစေနဲ့ . . . လင်ယူမလား၊ မိန်းမယူမလားစဉ်းစားထား . . . ဒါပဲ"

နှုတ်ခမ်းထောင့်ကစီးကျလာသည့် သွေးတွေကို တဖြည်းဖြည်းချင်း လျှာနှင့်သိမ်းပြီး အစ်ကိုဖြစ်သူမိုးကျော်၏ကျောပြင်ကို ငေးကြည့်နေလိုက်သည်။





# အခန်း ဝင်

## (၁၆)

အကြည်ကျော် နှင်းဆီပွင့်လေးကိုင်ဝင်လာပြီး သတင်းစာ စက္ကူနှင့်ပတ်ထားသော စတီးချိုင့်လေးကို တယုတယနှင့်ကိုင်ကာ ယူလာသောနှင်းဆီပွင့်လေးကပ်လျက်ချလိုက်သည်။ အစအဆုံးကြည့်နေသောမိုးကျော်က . . .

"လောကကြီးက ဘာတွေဖြစ်နေတာလဲ . . . ပြောင်းပြန်တွေ ဖြစ်ကုန်ပြီ . . . ဘယ်လိုနားလည်ရမှန်း မသိတော့ဘူး"

"နားမလည်တော့လည်း နားမလည်ချင်ဟန်ဆောင်လိုက်ပေါ့ကွာ. . . ဘာခဲယဉ်းလို့လဲ . . . စိတ်တော်င်ချမ်းသာသေးတယ်"

ကျော်ဆန်းဝင်းက ဝင်ထောက်ခံပေးလိုက်သည်။ နို့မို့ဆို စကားတွေကရှည်လာဦးမည်။ စောစောစီးစီး ဆင်ဆာဖြတ်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အကြည်ကျော်က လက်ပတ်တီး စည်းထားသော မိုးကျော်ကို . . .

"ဘာလဲ မျှော်စင်ကျွန်းအတွက်လေ့ကျင့်နေတာလား. . . မလုပ်ပါနဲ့ကွာ. . . စတီးချောင်းတွေက ဈေးကြီးနေလို့. . . ပြီးတော့ ငါတို့ရတဲ့ လစာကလည်း တစ်လတစ်လ အလျှင်မမီလို့ပါကွာ . . . တောင်းပန်ပါတယ်"

"မျှော်စင်ကျွန်းမဟုတ်ဘူး ဟကောင်ရေ . . . သူ့အိမ်ပွဲမှာ ကျင်းပခဲ့တာ"

"ဘယ်သူလဲလို့ မမေးပါနဲ့"

"မမေးပါဘူး. . . သိပါတယ်"

မိုးကျော် တစ်စုံတစ်ခုကို သတိရသွားဟန်နှင့် . . .

"ဟေ့ကောင် အကြည်ကျော် . . . မင်း ယောကျ်ားဇကန် စင်စစ်နော် . . . ဟုတ်တယ်မဟုတ်လား"

အကြည်ကျော် ကြောင်တောင်တောင်ဖြစ်သွားသလို ကျော်ဆန်းဝင်းနှင့်ဖူးစုံကလည်း ဘာလဲဟပေါ့နော်။

"မင်း ဘာကိုဆိုလိုချင်တာလဲ. . ငါ နှင်းဆီပန်းကိုင်တာက ငါ့ချစ်သူအတွက်ရည်စူးပြီး တစ်နေ့တစ်ပွင့် ဟောဒီစတီးချိုင့်ပိုင်ရှင်လေးကို ပေးဖို့"

"တယ်သိပါလား"

"သိရမယ်လေ. . . ချက်ဆို နားခွက်က မီးတောက်ရမှာပေါ့ . . . တစ်ရုံးတည်းလုပ်နေတဲ့





သူတွေဥစ္စာ"

"ဒါဆို. . မင်း ငါ့ညီမကိုယူမလား"

"ဘာကွ. . . ဘာဆိုင်လို့လဲ. . . မယူနိုင်ပါဘူး . . . ဘယ့်နှယ့်. . ကိုယ့်ညီမကိုယ် မနိုင်တာနဲ့ သူများလက်လွှဲလို့ရမလားကွ"

"လုပ်ပါကွာ. . . မင်းနဲ့သင့်တောင်မယ်ထင်လို့ပါ . . . မင်းဏာ မအေတစ်ခု သားတစ်ခုရယ်"

"ဟုတ်တယ်. . မအေတစ်ခု သားတစ်ခု . . . အေး မင်းညီမရောက်မှ ငါ့အမေဘက်ပဲ့မခံနိုင်ဘူး. . . ငါချစ်တာ ငါ့ရင်ထဲမှာ 'ငယ်' ဆိုတဲ့ စတီးချိုင့်ပိုင်ရှင်မလေး. . . ဒါပဲ"

မိုးကျော်က ညှိုးငယ်သောမျက်နှာနှင့် အကြည်ကျော်၏ အရှေ့မှာ ဒူးထောက်ထိုင်ချ လိုက်ပြီး ခေါင်းငုံ့ကာ . . .

"နည်းနည်းစဉ်းစားပါဦး သူငယ်ချင်းရယ် . . . မင်းရဲ့စိတ်ကို ပြင်ချိန်ရပါသေးတယ်. . . ဟို စတီးချိုင့်ပိုင်ရှင်က အပျိုလား၊ အအိုလား၊ တစ်ခုလပ်လား၊ တစ်လင်ကွာလား၊ မုဆိုးမလားမှ မသိရတဲ့ဥစ္စာ . . . ခုဟာက လက်တွေ့အပျိုစစ်စစ်လေးပါကွာ. . ယောကျ်ားစိတ် ပေါက်တာလေးကလွဲရင်"

"အဲဒီ ယောကျ်ားစိတ်ပေါက်တာကို ကြောက်တာ. . သဘာဝကိုလွန်ဆန်တဲ့အရာဝတ္ထုတွေဟာ ဘယ်ဟာမှမကောင်းဘူး"

"မင်းနဲ့အတူပြုရင် မိန်းမစိတ်ပြန်ပေါက်ချင် ပေါက်မှာပါကွာ . . . တခြားလူမကြည့်နဲ့. . .



www.burmeseclassic.com

www.burmeseclassic.com



ကျော်ထူးမိန်းမကိုကြည့်. . . မိန်းမစိတ် အပေါက်လွန်ပြီး ကလေးတွေလေးယောက်တောင် မွေးပစ်လိုက်တာ"

"ဟော့ကောင် တော်ပြီ. . . ပေါက်ကရတွေ မပြောနဲ့. . . ငါ့ဟာငါ အိုတာဖြစ်ဖြစ်၊ လတ်တာပဲဖြစ်ဖြစ်၊ ကွာတာပဲဖြစ်ဖြစ် လတ်လတ်မလတ်လတ် ရေခဲရိုက်ပြီးယူမယ်. . . ဒါ တစ်ချက်လွှတ်အမိန့်တော်ပဲ"

ချာခနဲလှည့်ထွက်သွားတော့ ကျန်သည့်လူများက တဟီးဟီး တဟားဟားနှင့် . . .

"တောက်. . ပါကင်ထုပ်ပြီး ကံစမ်းမဲနှိုက်မှပဲရတော့မယ်နဲ့တူပါတယ်. . . ခင်း လူမရမချင်း . . အဲ. . လင်မရမချင်း ငါတော့ စိတ်ကျရောဂါ မဟုတ်ဘဲ စိတ်အိုရောဂါနဲ့ ဆံပင်တွေကျွတ် . . ထိပ်တွေပြောင်သထက်ပြောင်ပြီး သေမှာကျိန်းသေပဲ"

"သေတော့မသေပါနဲ့ဦးဟယ်. . . ဒီလ လစာအဖြတ်ခံရမှာတွေက များလို့ပါ"

ဖူးစုံကဝင်ပြောလိုက်သည်။ ကျော်ဆန်းဝင်းကလည်း . . .

"မသာထဲမှာ ဆံပင်အတုစွပ်ပြီးချရတဲ့မသာဟာ ပထမဦးဆုံးမင်းဖြစ်ဖို့များသွားပြီ"

"ခွေးမသားတွေ. . ငါ့ညီမလည်း လက်မခံဘဲနဲ့. . . ငါ့ကို ရစရာမရှိအောင် ဖွဲ့နေလိုက်ကြတာ"





"ယောက်ဖရာထူးနဲ့ ပြောတာဆိုတာဆို ခံရတာပေါ့သေး"

"သြော်. . မင်းကို ပြောဖို့ဆိုဖို့အတွက် မင်းညီမကိုယူရမယ်ပေါ့. . . ဟား ဟား ဟား အကြည်ကျော်ရေ. . . အင်တာနက်ကို တင်ပေးလိုက်စမ်းပါကွာ. . . ယောက်ဖအလိုရှိသည်၊ ပြောသမျှ ဆိုသမျှ ခံပါမည်လို့"

"ဟား ဟား ဟား"

www.burmeseclassic.com



# အ ခန်း ဝဉ (၁၇)

"ဟဲလို. . ဟဲလို. . ပြောပါရှင်. . . ကျွန်မ ဖူးစုံပါ"

". . . . ."

"ရှင်. . လူစုံပြီလား. . . ခဏ. . ."

". . . . ."

ဖူးစုံ ရုံးခန်းထဲကလူတွေလှမ်းကြည့်လိုက်တော့ အကြည်ကျော်ရောက်ပြီ။ ကျော်ဆန်းဝင်း ခုမှဝင်ထိုင်သည်။ ပြီးတော့ ဦးလေး ဘသာထူး၊ ရုံးလုလင် သျှီသူအောင်၊ သန့်ရှင်းအလုပ်သမား ဇင်မျိုး၊ အဲ. . စုံသလောက်တော့ရှိ. . ဟင်. . မိုးကျော် မရောက်သေးဘူး။

"ဟဲ့. . ဘယ်သူလဲ"

ကျော်ဆန်းဝင်းက လှမ်းမေးသည်။ ဖူးစုံက ဖုန်းတိုလက်နှင့် ပိတ်လိုက်ပြီး လေသံတိုးတိုးနှင့် . .







"ဘော့စ်လားမသိဘူး. . . ရုံးမှာ လူတွေစုံရဲ့လားတဲ့"

အားလုံး ခေါင်းတွေထောင်သွားသည်။ လွတ်နေသည့်စားပွဲကို လက်ညှိုးထိုးပြသည်။ မိုးကျော် . . .

"ဟုတ်. . ဟုတ်ကဲ့ရှင့် . . လူတွေစုံနေပါပြီ . . . ရှင်. . ဘယ်မှမသွားကြပါနဲ့. . . ထမင်းချိုင့်တွေ လုံးဝဖွင့်မစားရဘူး. . . ဟုတ်. . ဟုတ်ကဲ့ရှင့် . . . ဟုတ်ကဲ့ပါ. . . ဟုတ်ကဲ့ပါ"

ဖုန်းပြန်ချပြီး လုပ်ဖော်ကိုင်ဖက်တွေဘက် လှည့်လိုက်တော့ ခွေးတွေကပျံလို့။

အားလုံးက အကျိုးအကြောင်း သိချင်နေသည့် မျက်နှာပေးများနှင့် . . .

"ဘာတဲ့လဲ ဖူးစုံ"

"ဘယ်သူမှ အပြင်ပေးမထွက်ပါနဲ့တဲ့. . . ပြီးတော့ ယူလာတဲ့ထမင်းချိုင့်တွေ ဖွင့်မစားရဘူးတဲ့. . . ဘာအဓိပ္ပာယ်လဲဟယ်. . ဘယ်လိုကြီးလဲ"

"အင်း. . ငါ့အထင်တော့ အဲယားကွန်းလွှတ်ထားတဲ့အခန်းထဲမှာ ထမင်းတွေစားတော့ ဟင်းနံ့တွေနံလို့လားမှ မသိတာ"

"ငါတို့ ဘယ်တုန်းက ဒီအခန်းထဲမှာစားဖူးလို့လဲ. . . အပြင်ထွက်စားတဲ့ဥစ္စာ"

"ဟဲ့. . အဲဒါက အရေးမကြီးဘူး. . . သူက နာရီဝက်အတွင်း လာမယ်တဲ့. . . မိုးကျော်က မရောက်သေးဘူး. . . ဘယ့်နှယ့်လုပ်ကြမလဲ. . .



www.burmeseclassic.com

www.burmeseclassic.com

ပြဿနာပဲဟာ"

ခေတ္တခဏ အားလုံးငြိမ်သွားသည်။ တစ်ယောက်တစ်မျိုး စဉ်းစားနေပုံရသည်။ အဲဒီအချိန်မှာပဲ ရုံးတံခါးဝက အရိပ်တစ်ခုမြင်လိုက်ရသည်။ ကမန်းကတန်း ကိုယ့်နေရာကိုယ်ပြန်ထိုင်ပြီး အလုပ်တွေ လုပ်နေလိုက်သည်။ လူတစ်ယောက် ကြွတ်ကြွတ်အိတ်တွေသယ်ပြီး ဝင်လာသည်ကိုတွေ့လိုက်ရသည်။ ပြီးတော့ ခါးထောက်ကာ တစ်ယောက်ချင်းလက်ညှိုးထိုးပြီး လူရေပွတ်နေသည်။ ဘာလဲဟ။ သူဌေးရဲ့လူယုံလား၊ ဒရိုင်ဘာလား။

"မဖူးစုံဆိုတာ"

"ဟုတ်ကဲ့. . ကျွန်မပါ"

"ဒါဆို ဟောဒီပစ္စည်းတွေ လက်ခံထားလိုက်ပါ . . . ကျွန်တော် သွားတော့မယ်"

"ဟုတ်ကဲ့ရှင့်"

ဘာတွေမှန်းမသိပေမယ့် စားစရာတွေဆိုတာတော့ နှာခေါင်းကသိနေသည်။ ဘယ်သူပေးခိုင်းတာလဲ၊ ဘာကြောင့်ပေးခိုင်းတာလဲ စဉ်းစားလို့မရဘူး။ တစ်အောင့်လောက်ကြာတော့ . . .

"ဟေး. . . အားလုံးမင်္ဂလာပါ. . မင်္ဂလာရှိတဲ့နေ့ပါ"

အသံကြားရာသို့ အားလုံးလှည့်ကြည့်လိုက်တော့ အားပါး ဘသားချော တစ်ခါဖူးမှမဝတ်ဖူးတဲ့ တိုက်ပုံနှင့် လည်ကတုံးကော်လံပြတ်၊ ယောပုဆိုးနက်စင်းကျားနှင့် အဝတ်အစားကသပ်သယ် လူက





သပ်သပ်။ ဘယ်လိုမှမအပ်စပ်သည့် စိန်မိုးကျော်။

"ဘယ်အလှူကပြန်လာတာလဲ"

"မိုးတွေအုံ့နေတာ ဒါကြောင့်ကိုး"

"ဘာတွေမှ စကားများမနေကြနဲ့. . ခုနကလူ လာပို့သွားတာ အားရပါးရစားကြပါလေ"

"ဟင်. . ဒါဆို ခုနကဖုန်းဆက်တာ. . ."

"အီစကိုပါ. . မိုးကျော်ပါ. . မိုးအောင်ရင်မဟုတ်ပါဘူး . . အသံလေးနည်းနည်း ဖျက်ပြောတာ. . . အဟဲ. . ဘယ့်နှယ် ဘော့စ်နဲ့တူရဲ့လား"

"ဘာလဲ. . ထီပေါက်လို့လား. . သို့တည်းမဟုတ် ဟိုဟာပေါက်လို့လား"

"ဥပဒေနဲ့မကင်းတဲ့ပိုက်ဆံနဲ့တော့ မကျွေးပါနဲ့ကွာနော်"

မိုးကျော်က တိုက်ပုံချွတ်လိုက်ပြီး တည်ကြည်အေးဆေးသော မျက်နှာပေးနှင့် လက်ပိုက်ကာ . . .

"ဘာထီမှလည်း မပေါက်ဘူး. . ဥပဒေနဲ့လည်းကင်းတယ် . . . စိတ်ချမ်းသာစွာနဲ့ စားကြပါ . . . ခုဟာက ရပ်ကွက်ထဲကစုမယ့် ပိုက်ဆံနဲ့ကျွေးတာ. . . ဘာဖြစ်လို့ကျွေးတာလဲ မမေးပါနဲ့. . . ကျွန်တော့်ရဲ့မွေးနေ့လည်းမဟုတ်၊ ဖခင်ကြီးရဲ့မွေးနေ့လည်းမဟုတ်ပါ. . . ဥပုသ်အဖိတ်နေ့လည်းမဟုတ်ပါ"

"ဒါဖြင့်"

"ကျွန်ုပ်၏တစ်ဦးတည်းသောညီမ ဖမနိုင်၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်မနိုင်တဲ့ ညီမ လင်နောက်လိုက်ပြေးတဲ့အထိမ်းအမှတ်ပါ. . . ပျော်ပျော်ကြီး သုံးစွဲတော်မူကြပါခင်ဗျာ"

လုပ်လိုက်ကွ မိုးကျော်ရေ။ တစ်ခါဖူးမှမကြားဖူးသော စကားလုံးအသစ်အဆန်း အထိမ်းအမှတ်တွေပါလား။ ဘာတဲ့။ ညီမ လင်နောက်လိုက်လို့ကျွေးတာတဲ့။ မှတ်ကရောပဲ။

"ကျွတ်ပြီ လွတ်ပြီဟေ့"

အားလုံး လန့်သွားသည်။ မိုးကျော်ထအော်ခြင်းရယ်ပါ။





# အာ ခန်း ဝင့်

## (၁၈)

"ဘာကွ. . ဒါပျော်စရာလား. . စိတ်ချမ်းသာစရာလား . . . ဟင် အရှုးရဲ့"

ဖခင်ဖြစ်သူ ဒေါသတွေအထွတ်အထိပ်ရောက်ကုန်သည်။ ရောက်လည်းရောက်စရာရယ်ပါ။ ဘယ့်နှယ့် ညီမဖြစ်သူ လင်နောက်လိုက်တာကို အလှူကြီးပေးနေသည့် ဇာတိက အနာထပိဏ်သူဌေးကျနေတာပဲ။ ပျော်လို့ရှင်လို့၊ ဟိုလူ့မုန့်ကျွေး၊ ဒီလူ့လက်ဖက်ရည်တိုက်နှင့်။ မျက်နှာက နို့ဆီတွေသုတ်ထားသလိုပုံစံမျိုးနှင့်။

"ပျော်စရာပေါ့ အဖေရဲ့. . . စိတ်လည်းချမ်းသာသွားတယ် . . . နို့မို့ဆို သူ့ပြဿနာတွေချည်းပဲ လိုက်လိုက်ရှင်းနေရတယ်. . . ညီမတစ်ကောင် ဝက်တစ်ထောင်ဆိုသလိုမျိုး. . . ခုတော့ လွတ်လပ်ပြီ xxx လွတ်လပ်ပြီ xxx မိုးကျော်လွတ်လပ်ပြီ. . . အကျီပုဆိုး ဘောင်းဘီတွေ မကုန်



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး. . . သူ့လင်သူ ဆင်လိမ့်မယ်. . . ဒါမှ ဒင်းသိတော့မှာ. . . မိန်းမဟာ မိန်းမပါပဲ . . . လိမ်လို့ရခဲဏပေါ့"

"ဖုန်း"

"အမရေး"

အရှောင်မြန်လို့။ နို့မို့ဆို နဖူးတည့်တည့်ပဲ။ ဆေးလိပ်ခွက်က။

"ကိုယ့်ညီမ လင်နောက်လိုက်သွားတာ ဘယ်သူနဲ့လဲ၊ ဘယ်ကကောင်လဲ၊ လူဆိုးလား၊ သူခိုးလား၊ ဘိန်းစားလား မစုံစမ်းဘူး . . ပျော်နေတယ်. . . ဟိုက် အပျိုစစ်စစ်. . ဘာမှအတွေ့အကြုံရှိတာမဟုတ်ဘူး. . . မတော်တဲ့လူနဲ့ ညားသွားရင် ဒူးနဲ့မျက်ရည်သုတ်နေရမှာ. . . ကလေးတစ်ကောင်နဲ့ပစ်သွား ဘယ့်နှယ့်လုပ်မလဲ . . . ဒါမှမဟုတ် ခုခေတ်စားနေတဲ့. . ဘာတဲ့ ကြက်ကုန်. . ဟုတ်ပါဘူး. . . လူကုန်. . လူကုန်ကူးပြီး တခြားနိုင်ငံမှာသွားရောင်းစားရင် နင့်ညီမတာဖြစ်မယ်ထင်သလဲ. . . အဟီးဟီး. . . ငါ့သမီးလေး. . . ရေတိမ်နစ်တော့မယ် . . . ရေတိမ်နစ်တော့မယ် . . ရှာပေး. . ငါ့သမီးကိုရှာပေး"

ဦးထူးသန့် ရှယ်ကိုငိုတော့သည်။ ငိုတာမှ တကယ့်ရှယ်။ သည်တော့မှ မိုးကျော်မျက်လုံးလေး ပေကလပ်ပေကလပ်နှင့်စဉ်းစားနေသည်။ ဖခင်ကြီး ပြောတာ သဘာဝကျ၏၊ မကျ၏။

"အဟီး ဟီး. . နင့်အဝတ်အစားတွေ





မဝတ်တော့ဘူးလို့ နင် ပျော်မနေနဲ့. . . နင့်ဘဝက တစ်ထည်စိုလို့ တစ်ထည်လဲစရာမရှိတာကော နင်သိရဲ့လား. . . ဟိုက အကုန်မသွားတာ. . . ငါတောင် အဝတ်တစ်ထည်ကိုယ်တစ်ခုပဲ ကျန်တာ . . . အဟား ဟား ဟီးစီး"

"ဟိုက်"

သွားပဟ။ ကမန်းကတန်း အခန်းထဲပြေးဝင်ကြည့်လိုက်တော့ ဟုတ်ပ မျက်နှာသုတ်ပဝါ တစ်ထည်ပဲကျန်သည်။ ဘာဆိုဘာမှမကျန်တော့ပေ။ သွားပါပြီ။ တောက်. . ဘယ့်နှယ့်လုပ်ရပါ့။ ပြန်ထွက်လာပြီး ဖခင်ကြီးနားမှာ မုဆိုးဒူးထောက် ထိုင်လိုက်သည်။ သဘောကတော့ ဖခင်ကြီး ဘာများအမိန့်တော်ရှိမလဲပေါ့။

"ဆိုပါဦး. . လွတ်လပ်ပြီ ××× လွတ်လပ်ပြီ ××× မိုးကျော် လွတ်လပ်ပြီ ××× ဆိုတာလေ. . . နားထောင်ကောင်းလွန်းလို့ပါ. . . ထပ်ဆိုပါဦး"

"မဆိုနိုင်တော့ပါဘူး ဖခင်ကြီး. . . မဆိုနိုင်တော့ပါဘူး. . . သူ ဘယ်ဘဝရောက်နေလဲ . . သူ့အခြေအနေဘယ်လိုရှိသလဲဆို တာကို ဘယ်လိုစုံစမ်းရမလဲပြောပါ"

"ဘယ်လိုစုံစမ်းရမလဲဆိုတော့ သူ့အလုပ်ကို လိုက်သွား. . . သူ ဘယ်သူနဲ့အတွဲများလဲ . . . သူနဲ့အတွဲများတဲ့မိန်းကလေး သို့မဟုတ် ယောကျ်ားလေးတွေကို မေး. . . သူ ဘယ်သွားတတ်လဲ. . . အဲဒီလိုမှစုံစမ်းလို့မရရင် ရပ်ကွက်ဘက်ပြန်လှည့် . .



www.burmeseclassic.com

ပြန်လှည့်လို့မှ မထူးခြားရင် ရဲစခန်းမှာ လူပျောက်မှုနဲ့အမှုဖွင့် . . . ပြီးရင် သတင်းစာထဲမှာကြော်ငြာ . . ဟုတ်ပြီလား"

မိုးကျော်က ဖခင်ပြောသမျှတွေကို စာအုပ်တစ်အုပ်နှင့် အမှုလိုက်ရဲပမာလိုက်မှတ်ပြီးမတ်တတ်ရပ်ကာ . . .

"ကဲ ဖခင်ကြီး . . . ကျွန်တော်သွားတော့မယ် . . စုံစမ်းလို့ ရသမျှ အစီရင်ခံစာပြန်တင်ပါ့မယ်"

"ဟုတ်ပြီ မလွဲပါစေနဲ့ . . . ဦးထုတ်ဆောင်းသွား . . . ငယ်ထိပ်နေပူမယ် . . . မိုးရွာရင် နှာစေးမယ် . . . တစ်ပူက ပြီးသေးဘူး . . . နောက်တစ်ပူမဆင့်မိစေနဲ့ ဟုတ်ပြီလား"

မိုးကျော် သူ့ရဲ့ဦးထုပ်အစုတ်လေးယူဆောင်းပြီး လေးလှံ့သော ခြေလှမ်းများနှင့် အိမ်ပေါ်မှဆင်းခဲ့သည်။ လမ်းမပေါ်ရောက်တော့မှ သတိရပြီး ကမန်းကတန်းအိမ်ပေါ်ပြန်ပြေးတက်လိုက်ပြီး

"ဖခင်ကြီး . . ဖခင်ကြီး . . . ဘယ်ကစပြီး စုံစမ်းရမှာလဲ"

"ဟာ . . မင်းရေးထားတဲ့စာအုပ်ကို ဖွင့်ကြည့်လေကွာ . . ."

"ဩော် . . ဟုတ်သားပဲ . . . ဒါနဲ့ ဟို . . ဟိုလမ်းစရိတ်"

"မရှိဘူး . . . တစ်ပြားမှမရှိဘူး . . . စုဘူးပါမ,သွားတယ်"

"တောက်"





"ဟေ့ကောင် . . ဘယ်သူ့ကို တောက်ခေါက်တာလဲ"

"မဟုတ်ပါဘူး . . . ချစ်ထူးကိုပါ"

ဒါမျိုးကျတော့ နားကပါးသည်။

တွေ့ကြသေးတာပေါ့ ချစ်ထူးရယ် . . . နင်ဘယ်လောက် ပုန်းနိုင်မလဲ . . . ပျံလေတဲ့ချစ်ထူးပြုက်ကျမှသိရစေမယ် . . ဟင်း။

သွက်လက်သောခြေလှမ်းများနှင့် သည်နေ့ဟာရုံး၊ ဈေးတွေပိတ်သည့်နေ့ဆိုတာများ မိုးကျော်တစ်ယောက်သိသွားခဲ့သည်ရှိသော် ဘယ့်နှယ်ရှိစ။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



# အ ခန်း ဝ၃ (၁၄)

"လူပျောက်ကြော်ငြာ. . .

အထက်ပါဓာတ်ပုံရှင် မချစ်ထူးငယ် (ဘ) ဦးထူးသန့်. . . အသက်ခန့်မှန်း. . ."

"ဟော့ကောင် မိုးကျော်. . . ဘာခန့်မှန်းလဲ"

"မှတ်ပုံတင်ပါယူသွားတော့ ဘယ်လို တွက်ချက်ရမှာလဲကွ"

"ကဲ ဟုတ်ပါပြီကွာ. . . နေစမ်းပါဦး. . . မင်းညီမဓာတ်ပုံကလဲကွာ. . . မှုန်ဝါးဝါးနဲ့"

"သူက ဓာတ်ပုံရိုက်တာ ဝါသနာမပါတော့ ဓာတ်ပုံတော်တော်ရှားတယ်. . . ဒါတောင် မနည်း ရှာထားရတာ"

"အင်း. . မင်းညီမနာမည်ထဲမှာ 'ငယ်'ဆို တဲ့ နာမည်ပါတော့ ငါ့ချစ်သူစတီးချိုင့်လေးကို သတိရတယ်ကွာ"

"အရေးထဲမှ မင်းကတစ်မျိုး. . စာပြန်စီကွာ"





"ဩော်. . အေး. . . အထက်ပါဓာတ်ပုံရှင် မချစ်ထူးငယ် (ဘ) ဦးထူးသန့်. . အသက် ခန့်မှန်း . . အမှတ် (၄၃၈). . ဗိုလ်ချုပ်လမ်း . . ရပ်ကွက် . . ဒေါပုံမြို့နယ်နေသူသည် ၂၆-၈၂၀၀၈ နေ့တွင် နေအိမ်မှပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အ ကြောင်းကြားဆက်သွယ်ပေးပါရန်. . ဖျာရောင်း ဟုတ်ဘူးလေ. . . ဘယ့်နှယ့်. . ဖျာရောင်းရမှာ လဲ. . သတ်ပုံမှားနေတယ် . . ဖဦးထုတ် . . ဖြား ယောင်းလေ"

"အေးပါကွာ. . . ဟောဒီလိုမဟုတ်လား"

"ဖြားယောင်းသွေးဆောင်ထားသူအား ဥပဒေအရ ထိရောက်စွာအရေးယူမည်. . . ကဲ ဟုတ်ပြီနော်. . ဘယ်တော့ သတင်းစာထဲ သွား ထည့်မှာလဲ"

"အင်း. . သန်ဘက်ခါ. . . ဟုတ်တယ် သန်ဘက်ခါ"

"ပိုက်ဆံကရော"

"အဟဲ. . ထုံးစံအတိုင်း. . . မင်းပဲ ခဏ စိုက်ထားပေးပါကွာနော်. . . လုပ်ပါ. . . မတော် ရတဲ့ ယောက်ဖရယ်. . ."

အကြည်ကျော် ခေါင်းတညိတ်ညိတ်လုပ် ပြီး ရေးထားသော စာရွက်ကို ခေါက်၍ အိတ်ထဲ ထည့်လိုက်ကာ . . .

"သူတည်းတစ်ယောက်ပျောက်လို့ရာ သူ တစ်ယောက် ငွေစိုက်ကာ ဖြစ်လင့်ကစား မမွတာ



www.burmeseclassic.com

www.burmeseclassic.com





တည်းတဲ့. . . ကောင်းပေါ့ကွာ. . . ရန်ကုန်တစ်မြို့လုံး အကြည်ကျော် ဘာကိစ္စနဲ့ဖြစ်ဖြစ် မရောက်ခဲ့ဖူးပါဘူး. . . ဒီတစ်ခါပဲ နှံ့နှံ့စပ်စပ်ရောက်ဖူးတော့တယ် . . . ကဲ ကျေးဇူးရှင်. . . ကျွန်တော်မျိုးသွားတော့မယ် . . . ငှားဝတ်တဲ့အဝတ်အစားတွေလည်း လျှော်ရဦးမယ်လေ"

"အဟား ဟုတ်သားပဲဟ. . . မင်းပြောမှ သတိရတယ်. . . ဖခင်ကြီးကလည်း မင်းအဝတ်အစားတွေနဲ့ တောင်ဂေါ်လီဖြစ်နေပြီ . . . ဟားဟား . . ရှဲရှဲ. . ရှဲရှဲ"

"မရှဲနဲ့တော့. . . တစ်ခါတည်း ကြော်ပစ်လိုက်တော့. . . ညှော်တယ်"



# အာ

# ခန်း

# ဝဠ်

# (၂၀)

သံတင်းစာထဲ၌ ကြော်ငြာထည့်ပြီး တစ်ပတ်ခန့်အကြာ . . .

ရှုံးတက်လာသော မိုးကျော်တစ်ယောက် မျက်နှာမသာမယာနှင့်။ အားလုံးက ဘာများဖြစ်သလဲ၊ သူ့ညီမကိစ္စလား၊ သူ့အဖေကိစ္စလား မေးသင့် မမေးသင့် တစ်ယောက်နှင့်တစ်ယောက် မေးငေါ့ အချက်ပြနှင့်။

မိုးကျော်ကတော့ သူ့စားပွဲပေါ်မှာ လက်နှစ်ဖက်ထောက်လိုက်၊ ကုလားထိုင်ကို နောက်မှီပြီး ရုံးမျက်နှာကြက်ကြီးကိုကြည့်လိုက်၊ သက်ပြင်း တွေ မကြာခဏချလိုက်နှင့် အခြေအနေတော့ မေးမှဖြစ်တော့မည်။ တော်ကြာ ကူငွေထည့်နေရဦးမည်။

"မိုးကျော်. . . ဘာဖြစ်လာတာလဲ"

"ဘာမှ. . မဖြစ်ပါဘူးကွာ. . . စိတ်ညစ်လို့"

"ဘာစိတ်ညစ်စရာအကြောင်းရှိလဲ. . .



www.burmeseclassic.com

www.burmeseclassic.com



ငါတို့ကိုလည်း ပြောပြလေကွာ. . . ကူညီတန် ကူညီရတာပေါ့. . .

ဘာလဲ. . မင်းအဖေ မင်းညီမစိတ်နဲ့ တော်တော်ဖြစ်နေလို့လား. . . ဆေးခန်းပြစရာ ငွေမရှိလို့လား"

မိုးကျော် ဆတ်ခနဲထောင်သွားသည်။ ပြီးမှ တဖြည်းဖြည်းချင်း ခေါင်းခါလိုက်သည်။

"အဖေ ဘာမှမဖြစ်ပါဘူး. . သူက တရားသမားပဲ . . . အရာရာ တရားသဘောနဲ့နားလည်ခွင့်လွှတ်တယ်"

"ဒါဆို မင်းညီမ. . မင်းညီမ"

"ဟုတ်တယ်. . . အဲဒီခွေးမကြောင့် ငါစိတ်ညစ်နေရတာ"

ပြောပြောဆိုဆို ဝုန်းခနဲထရပ်လိုက်တော့

"ဂုတ်"

"အမရေး တော်ပြီ"

အပေါ်စီးကင့်ပြီးမေးနေသည့် အကြည်ကျော်၏မေးစေ့နှင့် မိုးကျော်၏နဖူး အထမှာဆောင့်ပါရော။ နှစ်ယောက်သား ကြယ်တွေ လတွေစုံသွားသည်။

"အား. . ကျွတ် ကျွတ်"

"အား. . အား. . နဖူးချိုင့်သွားလား မသိဘူး. . . တောက် . . . ဖြစ်လိုက်ရင် ဒီနဖူးချည်းပဲ"

ဖူးစုံနှင့်ကျော်ဆန်းဝင်း ဦးလေးဘသာထူး ဆီကဆေးယူလာပြီး နှစ်ယောက်စလုံးကို ဆေးလူး





ပေးလိုက်သည်။ အကြည်ကျော်က မေးစေ့ကို ပွတ်သပ်နေသလို မိုးကျော်ကလည်း နဖူးကို လက်ဝါးနှင့် ကျပ်ပူတိုက်ပေးနေသည်။

"ခုနကစကားတောင် ဘယ်ရောက်သွားလဲမသိဘူး"

"ဟုတ်ပ. . စိတ်ဝင်စားစရာကောင်းနေတုန်း"

ဖူးစုံနှင့်ကျော်ဆန်းဝင်းကပြောလိုက်တော့မှ မိုးကျော် ခြေတုန်လက်တုန်နှင့် မျက်ရည်တွေ တသွင်သွင် ကျလာကာ . . .

"ငါ. . ငါ. . ညီမ. . ပြန်ရောက်လာလို့"

သည်တော့မှ အားလုံးက

"ဟာ. . ကိုယ့်ညီမ ကိုယ့်ဆီပြန်ရောက်တာကို ဒီလောက် ဝမ်းနည်းပက်လက် စိတ်ညစ်နေရသလားကွ. . . မင်းနှယ်ကွာ"

မသနားသည့်အပြင် အားလုံးကဒေါ်တွေကန်လို့။ မိုးကျော်က တစ်ယောက်ချင်းကို လိုက်ကြည့်ပြီး . . .

"မင်းတို့ဘာသိလဲ. . ငါဝမ်းမသာဘူး. . . ငါဝမ်းမသာနိုင်ဘူး"

"ဘာလဲ. . သူ့ယောက်ျားပါ အိမ်ပေါ်တင်ကျွေးထားရလို့ လား"

"မင်္ဂလာမဆောင်နိုင်လို့လား. . မင်္ဂလာမဆောင်နိုင်လည်း မင်္ဂလာဆွမ်းကျွေးပြီးတာပဲ . . ဒါများ ခဲရာခဲဆစ်လုပ်လို့ကွာ. . . မိုးကျော်တစ်ယောက်ကတော့"



www.burmeseclassic.com

www.burmeseclassic.com



"လောလောဆယ် မင်းမျက်နှာပူနေရင် ငါတို့အိမ်မှာလာနေ. . ဟုတ်တယ်နော် ကျော်ဆန်းဝင်း"

"ဟုတ်တယ်. . ဘာမှ အားနာစရာ မလိုဘူး . . မြေကျတဲ့အထိ တာဝန်ယူတယ် . . . ရက်လည်ကတော့ မင်းတို့တာဝန်ယူ"

"ဖူးစုံက မုန့်ဟင်းခါးကောင်းကောင်း ချက်တတ်တယ် . . . ရုံးကထိန်တုန်းကလည်း ဖူးစုံလက်ရာပဲ"

မိုးကျော်နှဖူးကဘုကြီးနှင့် မိုးကျော် ဒေါသတွေဖြစ်ပြီး လက်သီးနှစ်ဖက် ကျစ်ကျစ်ဆုပ်ကာ. .

"တစ်ခုမှမဟုတ်ဘူး. . . မင်းတို့ပြောတာတွေ တစ်ခုမှမဟုတ်ဘူး. . . လွဲတယ်. . လွဲတာမှ အကွာရာကစပြီးလွဲတာ. . . ရှေ့သုံးလုံး တူဖို့ဝေးစွ . . . ငါ့ညီမက ရုပ်ရှင်တွေ၊ ဗီဒီယိုတွေထဲမှာပါပါနေတဲ့ ဒေါ်ထားအဖွဲ့နဲ့ ပုပ္ပါးပါသွားပြီး ဗီဒီယိုရိုက်နေတာ. . . ငါတို့သိရင် မလွှတ်မှာစိုးလို့ ခိုးလိုက်သွားတာ. . . ယောကျ်ားလေးဟန်ဆောင်ရတဲ့အခန်းတဲ့ . . . ဒီတော့ ငါ့အဝတ်အစားတွေရော၊ အဖေ့အဝတ်အစားတွေပါ အကုန်ယူသွားတာ. . .

လင်နောက်လိုက်တာမဟုတ်ဘူး. . တကယ်လိုက်သွားရင် ငါ့လောက်ပျော်မယ့်လူ ဒီကမ္ဘာမှာမရှိတော့ဘူး. . . ခုတော့. . ခုတော့. . . သူပြန်ရောက် လာပြန်ပြီ. . . ရှေ့ဆက် ဘာတွေဒုက္ခပေးဦးမလဲ မသိဘူး. . . လောလောဆယ် အကြွေးတွေ





ပတ်ပတ်လည်ဝိုင်းနေတဲ့ မိုးကျော်ကို သနားကြပါဗျာ. . . သနားပေးကြပါ. . . အဟီး ဟီး ရှုတ်"

"တောက်. . ငါ့ညီမသာဆိုရင်ကွာ. . ထမင်းတောင်စားနိုင်မှာ မဟုတ်ဘူး. . . သွားတွေအကုန်ကျွတ်ကုန်မယ်"

"နေစမ်းပါဦး. . . သူက အိမ်ကစုဘူးလည်း ယူသွားတယ်ဆို . . . ဟိုမှာ ကားရိုက်တော့ရော ပိုက်ဆံမရခဲ့ဘူးလား"

"ရတယ်. . ရတာမှ တော်တော်ရပါတယ် . . . ရတဲ့ပိုက်ဆံတွေကို အဲဒီဒေါ်ထားအဖွဲ့ထဲက ကောင်မလေးတွေကို သူ့အချစ်တော်လေးတွေဆိုပြီး နေ့တိုင်း ဟိုဟာဝယ်ကျွေး၊ ဒီဟာဝယ်ကျွေးနဲ့ လက်ချည်းပဲ ပြန်လာတာကွ"

"သေလိုက်ပါတော့ မိုးကျော်ရယ်"

"ဘာကွ"

"ဟား ဟား ဟီး ဟီး"

တစ်ရုံးလုံး ရယ်သံတွေ. . ရယ်သံတွေ။



www.burmeseclassic.com

www.burmeseclassic.com



အာ

ခန်း

ဝင်

(၂၀)

"ကဲ. . မိုးကျော်ကြီး တစ်ခြမ်းသေ . . အဲလေ. . တစ်ခြမ်း ညစ်. . တစ်ခြမ်းပျော် အထိမ်းအမှတ်နဲ့. . . ချီးယားစ်"

"ချလပ်. . ချလွှင်"

"ဘာစကားကြီးလဲ တစ်ခြမ်းညစ်၊ တစ်ခြမ်းပျော်က"

"တစ်ခြမ်းညစ်တာက သူ့ရဲ့ရှုမငြိုးတဲ့ သူ့ညီမပြန်ရောက်လာလို့. . . တစ်ခြမ်းပျော်က သူ့ရဲ့ညီမလေးပြန်ရောက်လာလို့"

အားလုံးကြောင်သွားသည်။ စကားနှစ်လုံး၏အဓိပ္ပာယ်သက်ရောက်မှုက အတူတူရယ်။ ဘယ်လိုနားလည်ရမလဲပေါ့နော်။

အဲဒါကိုသိသည့် အကြည်ကျော်က ဟက်ခနဲ တစ်ချက်ရယ်ကာ ဂျိမ်းစ်ဘွန်း အိုက်တင်နှင့် ပခုံးနှစ်ဖက်မြှင့် လက်နှစ်ဖက်လှန်လိုက်ကာ . . .





"ဒီလိုဟော့. . ဒီလို. . . သူ့ညီမပြန်ရောက်လာလို့ ညစ်တာက ပြဿနာမျိုးစုံရှင်းရတော့မှာမို့. . . အဲ ပျော်တာက. . . သူ့ညီမ လင်နောက်လိုက်တာမဟုတ်ဘဲ ဘေးမသီရန်မခ ပြန်ရောက်လာလို့. . . ရှင်းပြီလား. . . အဲဒီလိုမှမရှင်းပြရင် အကြည်ကျော်မူးနေပြီထင်မှာ စိုးလို့"

"ဩော်. . ဂလိုလား"

"ဂလိုပဲ"

"ဒါနဲ့ စကားမစပ်. . . မင်းရဲ့စတီးချိုင့်ပိုင်ရှင်လေး တွေ့ပြီလား"

"မတွေ့သေးလို့ပေါ့ မိုးကျော်ရယ် . . တွေ့လို့ကတော့. . ဟိုတ် 'ငယ်' ဆိုတဲ့မိန်းကလေး . . နင့်ကိုဘတ်စ်ကားပေါ်မှာ စတွေ့ကတည်းက အရမ်းအရမ်းကိုချစ်နေမိတာပါလို့ပြောပြီး . . ဟောဒီငါ့ရင်ခွင်ထဲကိုဆွဲသွင်းပြီး . . အခါပေါင်းမနည်း အာဘွားပေးပစ်လိုက်မှာ"

"အင်း. . ကြက်သီးထစရာကြီး. . . ပြောတာနဲ့တင် ကြောက်ပါပြီဗျာ"

"ဟား ဟား ဟီး ဟီး. . ဟဲ ဟဲ ဟဲ"

ရယ်သံတွေစုံသွားသလို အမြည်းတွေကလည်း စုံသွားသည်။ တဖြည်းဖြည်းနှင့် အရက်တွေတော်တော်များသွားပြီ။ စကားသံတွေက သွက်သွက်လက်လက်မရှိတော့။ မှတ်တိုင်မှာ ကျောက်ချရပ်သည့်ကားတွေလိုလို၊

အကြည်ကျော်က မျက်မှောင်ကြီးကုပ်ကာ



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားလိုက်သည်။ ဘာအဓိပ္ပာယ်လဲပေါ့။

"ဟော့ကောင်တွေ . . . အဲဒီစကားပုံနဲ့ ဘာဆိုင်လဲ"

"ဥပမာပေးတာဟွာ . . . ဥစ္စာရင်လို ဥစ္စာရင်ခဲတဲ့ . . . မိမိဘာသာကြိုးချားလို့ကျောဒါ"

အဲဒီညက ဘယ်ကဘယ်လို မိုးကျော်အိမ်ကို ရောက်သွားသည်မသိပေ။ ထမင်းလည်းစားဖြစ်လား၊ မစားဖြစ်လားပင် မသိတော့ပါ။ သတိထားမိတာတစ်ခုပေါ့။

မှတ်မှတ်ရရ မိုးကျော်၏အိမ်မှာ ဘယ်သူမှမရှိကြဘဲ သော့ခတ်ထားသည်။ အဲဒါကို မိုးကျော်က အုတ်နီခဲနှင့်ထုဖျက်ပြီးဝင်သည်။ ပြီးတော့ ဝတ်ထားသည့်တီရှပ်အဝါရောင်လေးချွတ်ပြီး မိုးကျော်၏ စွပ်ကျယ်ကျိုင်းပြတ်ကိုဝတ်ပြီး စောင်ခေါင်းမြီးခြုံတစ်ချိုးတည်းအိပ်ပစ်လိုက်သည်။ အဲဒီလောက်အထိတော့ ရေးရေးလေးမှတ်မိနေသေးသည်။

"အား . . နင်းတယ် . . နင်းထားတယ်နော်"

ဘယ်လောက်တောင် အိပ်ပျော်သွားသည်မသိပေ။ ခြေထောက်ကို လူတစ်ယောက်နင်းတော့မှ လန့်နိုးသွားသည်။ စောင်ကို ဖွင့်ကြည့်လိုက်တော့ မိုးကျော်၏အဖေ ဦးထူးသန့်၊ မမြင့်မစမ်းနှင့်ဘုရားသောက်တော်ရေကပ်ခြင်းဖြစ်သည်။

"အဝီစိသွားမယ့်ကောင်တွေ . . . ဘုရားမှန်း မသိ တရားမှန်း မသိ . . . မူးပြီး ဘုရားစင်ရှေ့လာအိပ်ရတယ်လို့"





သူကလည်းနင်းသေးတယ် . . . သူကပဲပြောရတယ်ရှိသေးဟု အကြည်ကျော်စိတ်ထဲက ပြောလိုက်မိသည်။ ဘေးကမိုးကျော်ကိုကြည့်တော့ မရှိတော့ဘူး။ ကမန်ကတန်း နာရီကိုကြည့်ရာ

"ဟိုက် . . ကိုးနာရီကျော်နေပြီ . . တော်တော် အကျင့်ယုတ်တဲ့မိုးကျော် . . . နဖူးပြောင် . . . ဘယ်အချိန်ထလစ်သွားတယ်မသိဘူး"

အပြစ်ပြောတာ စောသွားသည်။ မိုးကျော်က မျက်နှာသစ်ပြီး အိမ်ပေါ်တက်လာသည်။

"ဗယာကျော် . . တိုက်ကီဘေးမှာ ရေလဲပုဆိုး၊ ဆပ်ပြာ၊ သွားတိုက်ဆေး အကုန်ရှိတယ် . . . ဒီကပဲတန်းပြီး ရုံးတက်လိုက်တော့ . . . ကျော်ဆန်းဝင်းက မင်းအမေကိုကြိုပြောပြထားပေးမယ်တဲ့ . . . ဟုတ်ပြီလား"

တဆစ်ဆစ်နှင့်ကိုက်နေသည့် ခေါင်း မနည်းကြီးကိုတောင့်ခံ ထားရသည်။ သူများအိမ်လေ။ မျက်နှာသစ်၊ ရေချိုးပြီးတော့ ညက တီရှပ်လေးပြန်ဝတ်မည်လုပ်တော့ . . . .

"မိုးကျော် . . . ငါ့ကီရှပ် မင်းဝတ်ထားလား"

"ဟင့်အင်း . . . ညက မင်းဘယ်မှာချွတ်ထားလဲ"

"ဒီမှာပဲချွတ်ထားပြီး ချိတ်မှာချိတ်ထားတယ်လေ . . . ဒီ စွပ်ကျယ်က မင်းပေးတာ"

မိုးကျော်က ဟိုရှာဒီရှာလုပ်ပြီး တစ်စုံ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကို သတိရသွားကာ . . . .

"သွားပြီ ဘရာကျော်ရေ. . . ခွင့်လွှတ်ကွာ . . . ငါ့ညီမ ငါ့အင်္ကျီထင်ပြီးဝတ်သွားပြီ. . တောက် . . စည်းမဲ့ကမ်းမဲ့"

"ဟာ ရပါတယ် . . . ကဲ ငါလစ်ပြီ. . . မိုးကျော်ရေ"



## အာ

## ခန်း

## ဝဥ

## (၂၂)

လက်ဖက်ရည်ဆိုင်က အကြည်ကျော်ပြန်လာပြီး သူ့စားပွဲ၊ ကုလားထိုင်မှာထိုင်လိုက်စဉ်မှာ အမှတ်မထင် ဖိုင်တွဲပေါ်၌ ခေါက်လျက်သားလေး တီရှပ်အဝတ်ရောင်။ မနေ့ညက မိုးကျော်အိမ်မှာ ကျန်ခဲ့သောတီရှပ်၊ ဘယ့်နှယ့်ဘယ့်နှယ့် သူ့စားပွဲပေါ် ရောက်နေပါလိမ့်ပေါ့။ မိုးကျော်ကိုလှမ်းကြည့်တော့ မရောက်သေး။

"ဩော်. . ကိုကြည်ရောက်နေပြီကိုး. . . ခုနက ကိုမိုးကျော်ညီမ အင်္ကျီတစ်ထည်လာပေးသွားတယ်"

ဩော်. . မိုးကျော်ညီမကိုယ်တိုင် လာပေးသွားတာကိုး။ တီရှပ်လေးလှမ်းယူရင်းနှင့် စတီးချိုင့်လေးကိုကြည့်လိုက်တော့ နှင်းဆီပန်းလေးမရှိ။

"ဖူးစုံ. . နှင်းဆီပန်းလေးယူထားသေးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . ဖူးစုံမှ ပန်းမကြိုက်တာ . . . ဟို ယောက်ျားမကျ၊ မိန်းမမကျ နှစ်ပိုင်းတစ်ပိုင်းယူသွား တယ်လေ. . . သူ့ကောင်မလေးကို ပေးချင်လို့တဲ့"

ဘယ်လိုနားလည်ရမှန်းမသိတော့။ တော်ရုံ ဆို အကြည်ကျော်က သည်းခံမှာမဟုတ်။ ခုဟာက သူငယ်ချင်းလည်းဖြစ်ပြန်။ ရုံးကလည်း တစ်ရုံးတည်း။

"ဖူးစုံကပြောလိုက်သေးတယ် . . . အဲဒါ ကိုကြည့်ကောင်မလေးအတွက်ဆိုတော့. . . သူက နောက်တစ်နေ့မှ အစားထိုးပြန်ဝယ်ပေးမယ်တဲ့ လေ. . . သေသေချာချာကြည့်တော့ ရုပ်ကလေးက မဆိုးပါဘူး. . . အသားအရေက တော်တော်လေး လှတာ. . ဖြူဆွတ်နေ တာပဲ. . . နှုတ်ခမ်းလေးများ ရဲလို့. . . မိန်းကလေးသာပီသရင် တော်တော်လေး တန်ဖိုးရှိမှာ ကိုကြည့်ရဲ့"

အကြည်ကျော်က ဖူးစုံ၏စကားတွေစိတ် မဝင်စား။ သူစိတ်ဝင်စားသည်က သတင်းစာ စက္ကူ လေးနှင့်ပတ်ထားသော စတီးချိုင့် ပိုင်ရှင်မလေး။ သူ့အမြင်အာရုံတွေက ဘတ်စ်ကားပေါ်မှာစတွေ့စ ပုံသဏ္ဍာန်လေး။

"ရပါတယ် မထိုင်တော့ပါဘူး . . . ရန် လုပ်ခံနေရဦးမယ်"

"ထမင်းချိုင့်လေးပဲ ခဏယူထားပေးပါ"

"အဟော်. . ရပါတယ် ပေး ပေး"

လှမ်းယူပြီး ပေါင်ပေါ်တင်လိုက်တော့. .

"အား. . ပူတယ်"





"ဆောရီးဗျာ. . နော်"

မပွင့်တပွင့်အပြုံးနှင့်။ အဲသည်အပြုံး တစ် သက်လုံးမေ့လို့ရ တော့မှာမဟုတ်ဘူး။ တစ်ယောက် တည်းပြုံးနေသည့် အကြည်ကျော်ကို ရုံးခန်းထဲ ဝင်လာသည့် မိုးကျော်၊ ကျော်ဆန်းဝင်းတို့က . . .

ဘာလဲဟ. . တစ်ယောက်တည်း စတီးချိုင့် ကိုကြည့်ပြီး ပြုံးနေရတယ်လို့။

www.burmeseclassic.com

www.burmeseclassic.com



# အ ခန်း ဝဥ

# (၂၃)

ပြက္ခဒိန်ကစာရွက်များ တစ်ရွက်ချင်း လွင့်မျောသွားပါပြီ။

ပိတောက်တွေလည်း ဖူးပွင့်ကုန်ပြီ။

တဖျောင်းဖျောင်း တဒိုင်းဒိုင်းနှင့် ဗျောက်အိုးတွေဖောက်၊ ဆီမီးတွေထွန်းနှင့် ပွင့်လင်းရာသီ။ ပွင့်လင်းတာမှ မင်္ဂလာခန်းမတွေ၊ ရက်တောင်ကြို ချိတ်ရသည်။ ဆံထုံးမိတ်ကပ်သမားတွေ လက်မလည်ဘူး။ သတို့သမီးဝတ်စုံ၊ သတို့သားဝတ်စုံတွေ၊ ဆီမီးရောင်စုံတွေအောက်မှာ ဖြိုးဖြိုးလက်လက်နှင့် လက်မလည်ပေ။ ဝါလကင်းလွတ် သီတင်းကျွတ်မှာဖြင့် လက်ထပ်ဆင်မြန်း မင်္ဂလာအခမ်းအနားတွေ စတင်ကြပါပြီ။

"ကဲ သူငယ်ချင်းတို့ရေ. . . ဒီတစ်ခါတော့ဖြင့် တကယ့်ကို အမှန်အကန် အကျွတ်အလွတ်ပွဲပဲ. . . လွတ်လပ်ပြီ xxx လွတ်လပ်ပြီ xxx မိုးကျော်လွတ်လပ်ပြီ xxx ဆိုမယ် ကမယ်. . . ဘယ်သူ့ပွဲလို့





ထင်လဲ. . . မြဝတီမှာ ဗုဒ္ဓဟူးနေ့တိုင်း လာလာနေတဲ့ ဖြေလိုက်ပါအစီအစဉ်ထဲကလို ဖိတ်စာမကြည့်ဘဲ ဖြေကြည့်လိုက်ပါလား"

အလုပ်ဒေးပွဲပေါ်မှာ တစ်ထပ်ကြီးတင်ထားသည့် ပန်းနုရောင် ဖိတ်စာတွေ။ ကျော်ဆန်းဝင်းက ဟက်ဟက်ပက်ပက်ရယ်လိုက်ပြီး . . .

"မိုးကျော်ရာ. . . သူများဝေခိုင်းတဲ့ဖိတ်စာတွေနဲ့ လာမခြောက်နဲ့. . . မင်းဖိတ်စာသာ ဆိုရင်လေ. . . တောင်ထိပ်ကြာပေါက် အနောက်က နေထွက် . . . ရေနောက်မှာ ရွှေကြာပေါက်တာကိုယုံချင်ယုံမယ် . . . မင်း မဖြစ်နိုင်တာကတော့သေသေချာချာပြောရဲတယ်"

ဖူးစုံကလည်း အားကျမခံ . . .

"ကိုမိုးကျော်ငယ်ထိပ် ဆံပင်တွေပြန်ပေါက်လာတယ်လို့ ပြောရင် ယုံချင်ယုံဦးမယ် . . . ဟုတ်တယ်နော် ဦးလေးဘသာထူး"

"နှစ်လစာ. . ဒါမှမဟုတ်သေးရင် သုံးလစာကြိုပေးလိုက်မယ်"

အကြည်ကျော်က ရေသန့်ဘူးထဲမှရေကိုမော့သောက်လိုက်ပြီး . . .

"ရမ်းရမ်းမပြောကြနဲ့ဟေ့. . . ခေတ်ကယုံရတာမဟုတ်ဘူး . . . ဆံပင်မရှိလည်း အဆင်ပြေတဲ့ နည်းတွေအများကြီး. . . ကားမရှိပေမယ့်လည်း မိုးကျော်တို့ကသွားတော့ရှိတယ်. . . သတိထားကြ . . . နီးစပ်ရာ ကိုက်လိမ့်မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



မိုးကျော်ကတော့ အပြုံးမပျက်။ ကြိုက်တာပြော တစ်ချက်လေးမှ မျက်နှာမပျက်သွားဘူး။

"မင်းတို့အားလုံးတွက်ဆမှု၊ တွေးခေါ်မြော်မြင်မှု အားလုံးမှန်တယ်. . . ဘာဖြစ်လို့လဲဆိုတော့ ငါ့ဖိတ်စာမှမဟုတ်တာ. . . ငါ့ညီမ ဖိတ်စာကွ. . . ငါ့အဖေရဲ့သူငယ်ချင်း သူ့ရဲ့သား. . . ကဲဒီတော့. . ဖူးစုံကပဲတာဝန်ယူပြီး တစ်ရုံးလုံးဝေပေးလိုက်ပါ. . . ဘရာကျော်ကတော့ ငါနဲ့ခဏလိုက်ခဲ့. . . ၃၅လမ်းက မိတ်ကပ်ခင်စန်းဝင်းဆီကို. . ဟိုမှာ ငါ့ညီမလည်းရောက်နေလောက်ပြီ"

"ဒီညနေ ရုံးမှာရှိတဲ့ဝန်ထမ်းအားလုံး. . ကဲ ဘာဖြစ်ချင်လဲ . . . ပြော. . ပြော. . ပြောအားမနာနဲ့. . . မတော်ရသေးတဲ့ ယောက်ဖကငထော . . . သူ့အားကိုးနဲ့မိုက်ရမှာ"

ကျော်ဆန်းဝင်းက စားပွဲပေါ်လက်နှင့်ပုတ်ပြီး . . .

"မြန်မာတို့ကတော့ မြန်မာပဲဟေ့"

ဦးလေးဘသာထူးက မေးစေ့လေးပွတ်ပြီး

"ငါ့အသက်အရွယ်နဲ့ဆိုတော့ KTVပေါ့ကွာ"

အားလုံးဝိုင်းရယ်လိုက်ကြသည်။ ဖူးစုံကမတ်တတ်ရပ်လိုက်ပြီး . . .

"စိတ်ချ . . ဦးလေးဘသာထူးရဲ့ဘွားဘွားကြီးကို ဖူးစုံတာဝန်ယူ ဖုန်းဆက်ပြောပေးပါ့မယ်"

"ဟာ. . ဒီကောင်မလေး. . . သဘောအရပြောတာပါ. . . လက်တွေ့မဟုတ်ပါဘူး"





"ဒါဆိုလက်တွေ့က"

"လက်တွေ့က အကျိုးနဲ့သေဆုံးပေါ့ကွာ . . . ဟား ဟား"

"ဖူးစုံနဲ့ဘရာကျော်ကရော"

"ငါတီရှပ်အဝါရောင်လေးကို ပြန်အသုံးချမယ်လေ မိုးကျော်ရဲ့"

"ဖူးစုံကတော့ ပီဇာလောက်ဆိုရပါပြီ"

"ကဲ. . မင်းတီရှပ်အဝါလေးကို ကြိုပို့ပြင်အနေနဲ့ဝတ်ခဲ့. . . ၃၅လမ်း သွားကြမယ်. . . ဩော် . . ဘော့စ်ကိုပြောပြီးသားနော်. . . သူ့တပည့်လာရင် ဖိတ်စာပေးဖို့မမေ့ကြပါနဲ့ဟာနော်"

"စိတ်ချစမ်းပါ မိုးကျော်ရယ်. . . မင်းရဲ့ညှော်ခံကျွေးမွေး ပြုစုမှုကို စောင့်မျှော်ရင်းနဲ့ ဒီရုံးခန်းက ဘယ်သူမှမသွားစေရပါဘူးကွာ"

"လာ. . ဘရာကျော်"

သတင်းစာစက္ကူပတ်ထားသော်လည်း စတီးချိုင့်လေး၏အသံကတော့ ပျောက်မသွား။ ကုန်းကောက်လိုက်ပြီး . . .

"ဆောရီး ဘရာကျော်. . . မင်းလည်း မထူးတော့ပါဘူး. . . စတီးချိုင့်လေးနဲ့ပဲ လက်ထပ်လိုက်ပါတော့ကွာ. . . ဒါမှ နောက်ထပ် လေးဆင့်ချိုင့်၊ ငါးဆင့်ချိုင့်တွေထွက်လာမှာ"

"ခွေးကောင် ပေါက်ကရလေးဆယ် ပြောတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



# အခန်း

# (၂၄)

"ကဲ ရောက်ပါပြီတော်. . . ရှင့်အစ်ကိုက ကြိုပြီးဖုန်းဆက်ပြီးသားပါ"

"ဘာလဲ မာမီ"

"ဘာရမှာလဲ. . . မိတ်ကပ်ကိစ္စပေါ့. . . ပြီးတော့ သတို့သား၊ သတို့သမီးကိုယ်တိုင်းလေ . . . သူတို့က ဘာအရောင်ကြိုက်မှန်းမသိ"

အကြည်ကျော်ကတော့ ဘာရယ်မဟုတ်ပါဘူး။ ဆံပင်ထုံးနေသည့်လူတွေ၊ မိတ်ကပ်လိမ်းနေသည့်လူတွေ၊ အလှပြုပြင်ရေးပစ္စည်းတွေ လျှောက်ကြည့်နေလိုက်သည်။ ကိုယ့်အလှည့်ကျရင်ဆိုသည့် အတွေးလေးနှင့် . . .

"ကိုမိုးကျော်. . . ညည်းသည်ကို နေရာပေးလိုက်ပါဦး"

"ဟာ ရပါတယ်. . ကိစ္စမရှိပါဘူး"







"ဒါနဲ့ မင်္ဂလာအချိန်လေးပြောပါဦး"

"ဟာ. . ဖိတ်စာပေးထားတယ်လေ ဘရာကျော်. . . ခဏ ဒါ ငါ့ရဲ့မကြာခင်မှာ ရာသက်ပန်ပေါ့. . . တော်ရတော့မယ့် ယောက်ဖလောင်း ဇေယျာဝင်းတဲ့. . ဇေယျာဝင်း. . ဒါက ငါနဲ့သူငယ်ချင်းလည်းဟုတ်. . တစ်ရုံးတည်းမှာ အတူတူလုပ်နေတဲ့ အကြည်ကျော်တဲ့"

တစ်ယောက်နှင့်တစ်ယောက် လက်ဆွဲနှုတ်ဆက်လိုက်သည်။ တစ်ဆက်တည်း မိုးကျော်က

"ငါ့ညီမကတော့ မင်းနဲ့ခဏခဏလွဲနေလို့ မမြင်ဖူးသေးဘူး . . . ရုပ်ကျော်ရှာကျော်ပေါ့ကွာ . . ဟဲ့. . ဒီဘက်ခဏလှည့်စမ်းပါဦး. . မိတ်ဆက်ပေးမလို့"

ကျောပေးထိုင်နေသည့် အသားဖြူဖြူကောင်မလေး ချာခနဲ လှည့်လိုက်တော့ . . .

"ဟင်"

"အို"

"ချစ်ထူးငယ်လေကွာ. . ငါ့ကို ဒုက္ခအပေးဆုံးဟာမလေး . . . အချစ်ရဆုံးသောတစ်ဦးတည်းညီမလေးပေါ့. . . ဟဲ့ သူက အကြည်ကျော်တဲ့. . . မှတ်ထားနော်. . . ဒီကောင့်ကိုတော့ သူ့ကွယ်ရာတစ်ရုံးလုံးကခေါ်တာ သူမသိဘူး . . . စတီးချိုင့်တဲ့. . . ဘယ့်နှယ့်ဟာ. . ကားပေါ်မှာ ကောင်မလေးတစ်ယောက်က စတီးချိုင့်ခဏပေး ထားပြီး ပျောက်သွားတာကို ခုချိန်ထိ သတင်းစာစက္ကူနဲ့ပတ်



www.burmeseclassic.com

www.burmeseclassic.com



. . နှင်းဆီပန်းကပါသေး. . တယုတယနဲ့ လိုက်ရှာတာလည်း ချောင်းပေါက်မတတ် . . . ပြီးတော့ ပြော သေးတယ်. . . ဘာတဲ့ ပိုင်ရှင်နဲ့ မတွေ့သေးလို့ပေါ့ မိုးကျော်ရယ်တဲ့. . . တွေ့လို့ကတော့ ‘ငယ်’ ဆိုတဲ့ကောင်မလေး. . နင့်ကို ဘတ်စ်ကားပေါ်မှာ ကတည်းက အရမ်းအရမ်း ကိုချစ်နေတာပါလို့ ပြောပြီး ဟောဒီရင်ခွင်ထဲဆွဲသွင်းပြီး အားရပါးရ အာဘွားပေးမလို့တဲ့ဟ. . . ရှူးသွပ်နေတာ. . . ဟား ဟား ဟား”

ဟန်ဆောင်အပြုံးတွေနှင့် တစ်ယောက်နှင့်တစ်ယောက် ကြည့်နေမိသည်။ အကြည်ကျော်၏ စိတ်ထဲမှာတော့ . . .

“ဩော်. . ငယ်ဆိုတာ ချစ်ထူးငယ်ကိုး . . ရှာလိုက်ရတာ. . . တွေ့မယ့်တွေ့တော့ ငါ့ရည်းစားယ်ချက်တွေ တစ်စစီဖြစ်ကုန်ပြီ ငယ်ရယ်. . . ရင်ထဲမှာ တလှုပ်လှုပ်နဲ့ ငိုချင်သလိုလို ဘာလိုလိုနဲ့ တစ်မျိုးကြီးပဲ”

ချစ်ထူးငယ်ကလည်း အကြည်ကျော်ဝတ်ထားသည့် တီရှပ်အဝါရောင်လေးကိုကြည့်ပြီး . . .

“ဩော် ရှင်ရယ်. . . စောစောကတည်းက ဘာလို့ တစ်ယောက်နဲ့တစ်ယောက် မတွေ့ဖြစ်ကြတာလဲ. . . ကျွန်မရဲ့ကိုယ်ပွား စတီးချိုင့်လေးကို တယုတယနဲ့သိမ်းထားတယ်တဲ့လား. . ပထမတော့ ရန်တွေ့လိုက်မယ်ဟဲ့ဆိုတဲ့စိတ်တွေ ဝင်လာသေးတယ်. . . ဒါပေမဲ့ မိုးကျော်ပြောတဲ့စကားတွေဟာ





ချစ်ထူးငယ်ရဲ့နှလုံးသားထဲကို အပ်သေးသေးလေးတွေနဲ့ တစ်ခုချင်းရိုက်သွင်းနေသလိုမျိုး တဆစ်ဆစ်နဲ့ခံစားလိုက်ရသည်။

“မခင်စန်းဝင်း . . ဟို . . ဟို. . ခဏ. . သွားချင်လို့”

“ဩော် . . ဟုတ်ကဲ့ . . ဟဲ့ မျိုးမျိုး. . နေရာသွားပြပေးလိုက် . . . သူနဲ့လိုက်သွားနော်”

ကြာကြာနေရင် ငိုမိတော့မည်။ ပြဿနာမဖြစ်ခင် အိမ်သာဘက်အာရုံပြောင်း လိုက်ရသည်။ တော်ပါလေးကြာမှပြန်ထွက်လာတော့ အကြည်ကျော်တို့မရှိတော့ဘူး။

အဝတ်အစားကိစ္စတွေပြော၊ မင်္ဂလာ ပန်းခြင်းကိစ္စ၊ အခမ်းအနားပြင်ဆင်ပေးမည့်ပုံသဏ္ဌာန်၊ သတို့သားလောင်း ဇေယျာဝင်းနှင့် မိတ်ကပ်ဆရာ ခင်စန်းဝင်းတို့ကသာ ပြောနေကြသည်။ ချစ်ထူးငယ်၏စိတ်ထဲမှာတော့ . . .

“ရပါတယ်. . ရန်လုပ်ခံနေရပါဦးမယ်”

“ထမင်းချိုင့်လေးပဲ ခဏယူထားပေးပါ”

“အဟော်. . ရပါတယ်. . ပေး ပေး”

လှမ်းယူပြီး ပေါင်ပေါ်တင်လိုက်တော့ . .

“အား. . ပူတယ်”

“ဆောရီးဗျာ. . နော်”

အဲဒီတုန်းက ချစ်ထူးငယ်၏မျက်နှာလေးကို ငေးကြည့်နေသည့် သူ့မျက်နှာလေး ချက်ချင်းမျက်နှာလွှဲလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကံကြမ္မာရယ် . . ဒီလောက် အိမ်ကိုဝင်ထွက်သွားလာနေတာ ဘာဖြစ်လို့များ ဆုံခွင့်မပေးတာလဲရှင်။

"ကဲ . . ချစ်ထူး ပြန်ကြရအောင် . . . နေမကောင်းဘူးလား . . . ဩော် . . နေပူထဲကလာပြီး အအေးခန်းထဲကို ရုတ်တရက် ဝင်လိုက်လို့များလား . . . ကဲ ထ . . ထ"

ချစ်ထူး၏လက်ကလေးကို တင်းတင်းကျပ်ကျပ်လေးဆုပ်ကိုင်ကာ . . . ။



အ

ခန်း

ဝင်

(၂၅)

ကျော်ဆန်းဝင်း၊ မိုးကျော်၊ ဦးလေးဘသာထူး၊ သတို့သားလောင်း ဇေယျာဝင်းတို့ အကြည်ကျော်၏အိမ်ကို ချီတက်လာကြသည်။

"အမေ . . ဟိုကောင် ဘရာကျော်ရော"

"ဘရာကျော် အမေမစားပါဘူးကွယ် . . သွားတွေမကောင်းလို့"

မိုးကျော်က တံတောင်နှင့်တွတ်လိုက်သည်။

"ဩော် . . ဘရာကျော်ပြောတာမဟုတ်ဘူး . . . အကြည်ကျော် အမေ့သားကိုပြောတာ"

"သားလား . . . ခုချိန်ထိ ပြန်မလာသေးဘူးလေ, . . ဘာကိစ္စလဲကွယ့်"

တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။ ဒီကောင် အိမ်ခဏပြန်ဦးမည်ဆိုပြီး ထွက်သွားသည်။ မလာသည့်အဆုံး လိုက်လာသည့်ဥစ္စာ။ ကြားထဲ ဘယ်ပျောက်နေပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို ကျွန်တော်တို့သွားတော့မယ်နော် အမေ. . . သူ ပြန်လာရင် မိုးကျော်တို့လာသွား တယ်လို့"

မိုးကျော်တို့အုပ်စု မကျေမနပ်နှင့် ပွစိပွစိ တွေလုပ်ပြီး ပြန်ထွက်သွားတော့မှ နောက်ဖေး ရေ တိုင်ကီကြားထဲမှ အကြည်ကျော်ထွက်လိုက်သည်။ လက်ထဲမှာ သော့တစ်ချောင်း။ မျက်ရည်တွေ ဝဲလို့။

"ဒါဆို မင်း ငါ့ညီမယူမလား"

"ဘာကွ. . ဘာဆိုင်လို့လဲ မယူနိုင်ပါဘူး . . . ဘယ့်နှယ့် ကိုယ့်ညီမကိုယ်မနိုင်တာနဲ့ သူများ ကိုလက်လွှဲလို့ရမလားကွ"

"လုပ်ပါကွာ. . မင်းနဲ့သင့်တော်မယ် ထင် လို့ပါ . . . မင်းက မအေတစ်ခု သားတစ်ခုရယ်"

မိုးကျော်၏စကားသံတွေ ပြန်ကြားယောင် လာမိသည်။

"နည်းနည်းစဉ်းစားပါဦး သူငယ်ချင်းရယ် . . . မင်းရဲ့စိတ်ကို ပြင်ချိန်ရပါသေးတယ် . . . ဟိုစတီးချိုင့်ပိုင်ရှင်က အပျိုလား၊ အအိုလား၊ တစ်ခု လပ်လား၊ တစ်လင်ကွာလား၊ မုဆိုးမလားမှ မသိရ တဲ့ဥစ္စာ . . . ခုဟာက လက်တွေ့အပျိုစစ်စစ်လေး ပါကွာ. . ယောကျ်ားစိတ် ပေါက်တာလေးကလွဲရင်"

"ဩော်. . မင်းကို ပြောဖို့ဆိုဖို့အတွက် မင်း ညီမကိုယူရမယ်ပေါ့. . . ဟား ဟား ဟား အကြည် ကျော်ရေ. . . အင်တာနက်ကို တင်ပေးလိုက်စမ်းပါ ကွာ. . . ယောက်ဖအလိုရှိသည်၊ ပြောသမျှ ဆိုသမျှ





ခံပါမည်လို့. . . ဟား ဟား ဟား"

အကြည်ကျော် တစ်ခါမှမခံစားဖူးသော စိတ်တွေ၊ မနာလို ချင်သလိုလို၊ ဒေါသဖြစ်ချင် သလိုလို၊ ဝမ်းနည်းသလိုလိုနှင့် ဆတ်ခနဲ ခြံတံခါး ဖွင့်ပြီးထွက်လိုက်တော့ တော်တော်လေး မှောင်နေ ပြီ။

"ဖြောင်း"

"ဟဲ့ ခွေး"

ခြံစည်းရိုးတိုင်ကို ဝင်တိုက်မိလိုက်သည်။ ခြေထောက်မှာတော့ ပူခနဲပဲ။ ခြေလှမ်းကြဲကြီး များနှင့်. . . .။



www.burmeseclassic.com



အာ

ခန်း

စဉ်

(၂၆)

တံခါးကို အသံမမြည်အောင် ဖြည်းဖြည်းချင်း ဖွင့်လိုက်သည်။

သွားလာနေကျဆိုတော့ သိပ်မခဲယဉ်းတော့ပေ။ ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်သေးသည်။ လူသွားလူလာ တော်တော်လေးပြတ်နေပြီ။

ဒါ အခွင့်ကောင်းပဲ။

ခါတိုင်းဆို ရုံးဘေး လက်ဖက်ရည်ဆိုင်မှ ခွေးမိသားစုတစ်ပြုံတစ်မကြီး ကိုက်လိုက်မည့်၊ ဟောင်လိုက်မည့်ဖြစ်ခြင်း။ ခုတော့ ဘယ်ရောက်နေမှန်းမသိ။ တစ်ကောင်တစ်မြီးမှမတွေ့။ လုံခြုံရေးတာဝန်ယူထားသည့်ကောင်ကလည်း ဘယ်ချောင်မှာ ဘာသွားလုပ်နေမှန်းမသိ။

အတော်ပဲပေါ့။

"ဂျလောက်"







"ကျစ်. . ကျစ်. . ကျစ်"

မှန်တံခါးကို လက်လျှိုပြီး ဂျလက်ကိုဖွင့်၊ ဘေးတိုက်အနေအထားလေးပုံစံ အသာအယာ တွန်းဆွဲ ဆွဲလိုက်သည်။ ဘယ်သူမှ မကြားသော်လည်း မိမိစိတ်ထဲမှာတော့ တော်တော်လေး ကျယ်လောင်သွားသည်ဟု ခံစားလိုက်ရသည်။

ခြေတုန် လက်တုန်နှင့် ချွေးတွေပျံလာသည်။ ဘာတစ်ခုမှ အမှားမရှိအောင် သပ်သပ်ရပ်ရပ် ပိပိရိရိလေးရယ်။

ရုံးခန်းထဲရောက်တော့ အားလုံးဟာ မှောင်နှင့်မည်းမည်း။ ကိုယ့်စားပွဲကိုယ် မှတ်မိတာပေါ့။ ခြေထောက်လေးဖွဖွနင်းပြီး သတင်းစာ စက္ကူနှင့်ပတ်ထားသည့် စတီးချိုင့်လေးကို လက်နှင့်အသာစမ်းပြီး ယူလိုက်သည်။

ပြီးတော့ ရင်ခွင်ထဲမှာပိုက်ထားပြီး နှင်းဆီပန်းလေးကို လိုက်စမ်းတော့ . .

"အား"

ဟုတ်တာပေါ့။ နှင်းဆီပန်းမှာ ဆူးရှိနေတာကိုမေ့သွားသည်။ မှောင်ထဲပေမယ့်လည်း ပါးပြင်ပေါ်ကို ပူပူနွေးနွေးကျလာသည့် မျက်ရည်ကလွဲရင် တခြားဘာမှမဖြစ်နိုင်။

"ခွပ်"

"အား"

"ဂျောက်"

နောက်စေ့ချိုစောင်း ပူခနဲဖြစ်သွားပြီး



www.burmeseclassic.com

www.burmeseclassic.com



ကြယ်တွေလတွေ စုံလင်သွားသည်။ ရုံးခန်းတစ်ခုလုံး မီးတွေထိန်သွားသည်။

"ဟင်. . အစ်ကိုအကြည်ကျော်. . .

အချိန်မတော်ကြီး. . ဘာ. . ဘာလာလုပ်ရတာလဲဗျာ. . . မှန်း. . များသွားလားမသိဘူး . . . ကျွန်တော်က သူခိုးမှတ်လို့. . . ကန်တော့နော် . . ကန်တော့နော်"

ချိုစောင်းကစီးကျလာသည့် သွေးတွေကို မသိမသာလက်နှင့် သပ်တင်လိုက်သည်။

ညစောင့်လေးကတော့ လက်နှိပ်ဓာတ်မီးကြီးကိုင်ကာ ကတုန်ကရင်နှင့် . . .

"ငါ့. . ငါ့စတီးချိုင့်လေး. . လာယူတာပါကွာ . . . နက်ဖြန်. . ကိစ္စလေးတစ်ခုရှိလို့. . . အဲဒါ. ."

"ကျွန်တော့်ပြောရောပေါ့ဗျာ. . ကျွန်တော် ယူပေးလည်း ရသားနဲ့"

"လာတုန်းက မင်းကိုကြည့်သေးတယ် . . မတွေ့တာနဲ့ ငါ ဘာသာငါဝင်ယူတာ"

"ဒါဆိုလည်း မီးဖွင့်ပေါ့ အစ်ကိုရဲ့. . . ခုတော့ဗျာ"

စိတ်မကောင်းသောပုံစံလေးနှင့် ညစောင့်လေးခမျာ. .

"ငါ. . ငါ့အသိစိတ်တွေ ကိုယ်နဲ့မကပ်ဘူးကွ. . . ငါ ဘာတွေဖြစ်နေမှန်း ငါ့ကိုယ်ငါတောင် မသိတော့ဘူး. . . ဒါနဲ့ ဒီကိစ္စ ဘယ်သူ မှမပြောနဲ့





နော် . . . ငါ အနူးအညွတ်တောင်းပန်ပါတယ်ကွာ"

"ဟာ စိတ်ချပါ . . . ကျွန်တော်ကသာ တောင်းပန်ရမှာ"

"မင်းက မင်းတာဝန်အတိုင်းလုပ်တာပဲလေ. . . တစ်ခု ငါတို့နှစ်ယောက် ကံကောင်းသွားတာက မင်းက သူခိုးလို့မအော်တာရယ် . . . အားရပါးရရိုက်မထည့်မိလိုက်တာရယ်က ငါတို့အတွက် တော်တော်လေးကံကောင်းသွားတာကွ"

"ဟုတ်တယ်နော်. . . ကျွန်တော်ရိုက်ချက်ပြင်းရင် ခုလောက်ဆို မတွေးဝံ့စရာပဲ . . . ကဲ . . လာ လာ. . အစ်ကို သွေးတော်တော် ထွက်နေပြီ . . . ကျွန်တော့် သွားတိုက်ဆေးနဲ့ဆေးထည့်လိုက်ရအောင်"

ဆေးထည့်ရင်းနှင့် ညစောင့်ကောင်လေးက အကြည်ကျော် ကိုတစ်လှည့်၊ စတီးချိုင့်နှင့်နှင်းဆီပန်းခြောက်လေးကိုတစ်လှည့် နားမလည်နိုင်သောမျက်နှာနှင့်ကြည့်ပြီး . . .

"မနက်မှ လာယူလည်းရတာပဲ. . ဘာလဲ အစ်ကိုပြော,ပြောနေတဲ့ စတီးချိုင့်ပိုင်ရှင်ဆိုတဲ့ ကောင်မလေး တွေ့ပြီပေါ့. . . ဒါကြောင့်မို့ မိုးလင်းအောင်တောင်မစောင့်နိုင်တော့ဘူးဆိုပါတော့. . . ငါ့အစ်ကိုရယ်. . . ညကြီးမင်းကြီး တော်ပါသေးရဲ့. . . ကိုယ့်ရုံးခန်း မို့လို့. . . ပြီးတော့ အိမ်နဲ့ကလည်း အဝေးကြီး. . . ဘယ်လိုလာတာလဲ"

"ကုန်းကြောင်း. . . ပြီးရင် ကုန်းကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြန်မယ်. . . ကဲ. . အစ်ကိုသွားတော့မယ် . . . ဘယ်သူမှ မပြောမိစေနဲ့နော်”

စတီးချိုင့်လေး ရင်ခွင်ပိုက်၍ ခြေလှမ်းကျဲကြီးများလှမ်းကာ ထွက်သွားသော အကြည်ကျော်ကို ညစောင့်ကောင်လေး ဘယ်လို နားလည်ရမှန်းပင် မသိတော့ပေ။





# အ ခန်း စဉ်

## (၂၇)

‘အသက်တစ်ရာ မနေရ၊ အမှုတစ်ရာတွေ့ရ၏’ဟူ၏။

ဗူး အပေါက်တစ်ရာ ပိတ်လို့ရသော်လည်း လူတစ်ယောက်၏ ပါးစပ်ပေါက်ကို ပိတ်၍မရဟူသောစကားပုံတွေဟာ မမှန်ဘဲနှင့်တော့ ရှေးလူကြီးသူမတွေ ပြောခဲ့၊ ဆိုခဲ့၊ ရေးခဲ့ကြ မည်မဟုတ်ပါပေ။

ခုလည်းကြည့်။ အကြည်ကျော် အတန်တန်မှာခဲ့ရက်သားနှင့် အမျှ သိနေကြပြီ။ ဒါပေသည့် မည်သူကမှ မမေး။

ကားပါကင်တွေ ထိုးထားသည့်ကြားမှ TAXI တစ်စီးနှင့် လက်ဖွဲ့ ပစ္စည်းဘူးလေးကိုင်ကာ အကြည်ကျော် ဝင်လာတော့ . . .

“ဟာ. . ဘရာကျော်. . . လာကွာ သူငယ်ချင်း. . . ဘာ လက်ဖွဲ့လဲ”

အကြည်ကျော်၊ ချစ်ထူးငယ်ကို လှမ်းကြည့်



www.burmeseclassic.com

www.burmeseclassic.com



မိလိုက်သည်။ တော်တော်လေး ဘယ်လိုခေါ်မလဲ ပေါ့။ ဖြစ်သလိုယောကျ်ားလေး အသွင်စရိုက်နှင့်နေခဲ့ရတာ မြင်တွေ့နေကျ။

ခုဟာက မိန်းကလေး ပီပီသသအပြင်ဆံထုံး၊ မိတ်ကပ်နှင့်ဆိုတော့ မျက်လုံးပင် မခွာချင်တော့ဘူး။ နှမြောတသဖြစ်နေမိသည်။

"ဟေ့ကောင်. . . ငါမေးနေတယ်လေ. . . ဘာတွေလက်ဖွဲ့လဲလို့. . . ဘာလဲ. . ငါ့ညီမကို ဒီပုံစံမျိုးနဲ့တွေ့ရလိမ့်မယ်လို့ မမျှော်လင့်ထားဘူး မဟုတ်လား"

"ဟေး. . ရေခဲမုန့်တွေ. . . ဆွဲမှာပဲ ××× ဆွဲမှာပဲ ××× ငါ့ကို လာမတားနဲ့"

ကျော်ဆန်းဝင်းတို့အုပ်စု ဆူညံစွာနှင့်ဝင်လာသည်။ ဖူးစုံက နှုတ်ခမ်းကြီးစူလိုက်ပြီး . . .

"ကိုကြည် . . . ညက တစ်ညလုံး ဘယ်ပျောက်နေတာလဲ"

"အိမ်မှာလည်းမရှိပါဘူးနော် . . ကိုမိုးကျော်ကြီးက ပြုစုမလို့ လိုက်ရှာနေတာ"

ကျော်ဆန်းဝင်းက မျက်ရိပ်မျက်ကဲပြလိုက်သည်။ ဘာမှ မပြောနဲ့တော့ဆိုသည့် ပုံစံ။

"ဟောဒီမှာ ငါက ထမင်းပေါင်းအိုး . . . သူတို့လင်မယား ကြက်ငှက်တုပ်ကွေး . . အဲလေ . . ငှက်ဖျားမဖြစ်ရအောင် ဟောဒီမှာ ဇာခြင်ထောင်"

"ဦးလေးဘာသာထူး"

"မင်းညီမ မိန်းကလေးဖြစ်သွားတာကို





ဂုဏ်ပြုတဲ့အနေနဲ့ ဩဇာသီးပါတိတ်ဝမ်းဆက်"

အားလုံးရဲ့မျက်လုံးတွေ အကြည်ကျော်ထံရောက်သွားသည်။

အကြည်ကျော်က ဟင်းခနဲ တစ်ချက်ရယ်လိုက်ပြီး . . .

"ငါကတော့ ဘာမှမဝယ်နိုင်ပါဘူးဟာ . . ဒါပေမဲ့ ငါမြတ်နိုးဆုံး ငါတယုတယသိမ်းထားတဲ့ ပိုင်ရှင်တွေ့ရင်ပြန်ပေးမယ်လို့ဆုံးဖြတ်ထားတဲ့ စတီးချိုင့်လေးပါပဲဟာ"

ချစ်ထူးငယ် ကျလုဆဲဆဲမျက်ရည်တွေကို မျက်တောင်ကော့ကြီးနှင့် ပုတ်ခတ်ပုတ်ခတ် လုပ်ပစ်လိုက်ပြီး ချာခနဲလှည့်ကာ တခြား ဧည့်သည်တွေကို လိုက်နှုတ်ဆက်နေလိုက်သည်။ အဲဒါကို ကျန်သောသူများက မြင်လိုက်တွေ့လိုက်ရသည်။

ဩော်. . နီးရက်နှင့် ဝေးနေတာကိုး။ ဖူးစာမှ မဆုံချင်တာ။

သည်လိုနှင့် မင်္ဂလာအခမ်းအနားစပြီ။ လူတွေက ပျားပန်းခတ်မျှ ရှုပ်ထွေးနေသည်။ အကြည်ကျော် သန့်စင်ခန်းဘက် တစ်ယောက်တည်း ထွက်သွားပြီး စီးကရက်တစ်လိပ်မီးညှိကာ သောက်နေလိုက်သည်။

အတွေးတွေကတော့ စောစောစီးစီး စတီးချိုင့်ပိုင်ရှင်လေးတွေ့လိုက်ရကောင်းသားဟုနောင်တတွေရနေသည်။

ထိုအချိန်မှာပဲ အင့် အင့်နှင့် ကြိတ်ပြီးငိုသံ



www.burmeseclassic.com

www.burmeseclassic.com



ကြားရသဖြင့် ပထမတော့ လန့်သွားသည်။

နောက်မှ သတိရလိုက်ပြီး အသာအယာ ချောင်းကြည့်လိုက်ရာ . . .

"ဟင် . . ငယ် . . ချစ်ထူးငယ် . . . ငါ . . ငါ . . စတီးချိုင့် . . . အဲ . . သူ့စတီးချိုင့်လေး"

စတီးချိုင့်လေးကို လူကွယ်ရာမှာလာဖွင့်ကာ တသိမ့်သိမ့်တုန် နေအောင်ငိုနေသော ချစ်ထူးငယ်။ သူ့ဘေးမှာတော့ ရှုံးက ညစောင့်ကောင်လေး။ ဘာတွေပြောနေသည်မသိ။

တစ်အောင့်လောက်အကြာ ရှုံးကညစောင့်ကောင်လေး ပြန်ထွက်သွားသည်။ အကြည်ကျော် ကမန်းကတန်းထွက်မည်အလုပ် . . .

"ဟိုက် . . မိုးကျော်"

ကပျာကယာ ကိုယ်ရှိန်သပ်လိုက်ရသည်။

"ကဲ ချစ်ထူး . . . အရာရာဟာ ပြီးဆုံးသွားခဲ့ပြီ . . . ဟိုကောင်ကြီး ဘယ်လိုခံစားနေရမလဲဆိုတာကိုလည်း ငါသိပါတယ် . . . နင်ဘယ်လိုခံစားနေရမယ်ဆိုတာကိုလည်း ငါသိတယ် . . .

ဒါပေမဲ့ နင်စဉ်းစားပါ . . နင်ဟာ မိန်းကလေး . . . မိန်းမကောင်း ပန်းပန် တစ်ပွင့်တဲ့ . . . မိန်းမကောင်း၊ မိန်းမမြတ်စာရင်းဝင်ချင်တယ် . . . ဝင်အောင်ကြိုးစားမယ်ဆိုရင်တော့ နင်စဉ်းစား . .

ဒါမှမဟုတ် . . ငါ့မျက်နှာ၊ အဖေ့မျက်နှာမထောက်ဘူး . . . ပတ်ဝန်းကျင်ကိုလည်း ဂရုမစိုက်ဘူးဆိုရင် နင်ကြိုက်သလိုဆုံးဖြတ် . . . ငါကတော့





တစ်ခုပဲ မေးမယ် . . . ကဲ ဘာဖြစ်ချင်တာလဲ ပြော"

အကြည်ကျော် ချစ်ထူးငယ်၏မျက်နှာနုနုထွတ်ထွတ် ဖူးဖူးလေးကို ငေးကြည့်နေလိုက်သည်။ အထူးဖြင့် သူ့နှုတ်ခမ်းဖူးဖူးလေးက ထွက်ပေါ်လာမည့် စကားလုံးတွေ။

ချစ်ထူးငယ်က စတီးချိုင့်လေးကို သူ၏လက်ကလေးနှင့် တယုတယပွတ်သပ်ပေးပြီး ခေါင်းငုံ့နေသည်။ မိုးကျော်ကလည်း သူ့ညီမစိတ်ချမ်းသာမည့်အလုပ်မျိုး လုပ်ပေးမည်ဆိုသည့်ပုံစံနှင့်။

ဟင် . . ခုမှ ကြည့်မိသည်။

အကြည်ကျော်က သူတစ်ယောက်တည်းမှတ်နေတာ ဟိုထောင့်ချိုးတစ်နေရာ တစ်ယောက်၊ ဒီထောင့်ချိုးတစ်နေရာတစ်ယောက်နှင့် သူတို့ကလည်း အကြည်ကျော်၏နီးတူ ချစ်ထူးငယ် နှုတ်ဖျားမှ ထွက်ပေါ်လာမည့်စကားလုံးတွေကို မျှော်လင့်နေကြသည်။

ဘာများ ပြောမလဲပေါ့။ ချစ်ထူးငယ် သူ၏နှုတ်ခမ်းကို ပြတ်လုနည်းပါးကိုက်ပြီး တစ်ချက်စဉ်းစားကာ မိုးကျော်ဘက်လှည့်ပြီး . .

"အစ်ကို . . ချစ်ထူးဟာ တစ်သက်လုံးကမိန်းကလေးမပီသခဲ့ပါဘူး . . . ပြီးတော့ အဖေနဲ့ အစ်ကိုတို့ရဲ့စကားကိုလည်း ထိုက်သင့်သလောက်နားမထောင်ခဲ့ပါဘူး . . . ဖြစ်ဖြစ်လာသမျှသော ပြဿနာတိုင်းဟာ ချစ်ထူးပြဿနာတွေချည်းပါပဲ . . . ဒီတော့ ချစ်ထူးဆုံးဖြတ်ချက်ချလိုက်ပါပြီ . .



www.burmeseclassic.com

www.burmeseclassic.com



# ကျော်ထူး

ရွှေ့လျှောက် အစ်ကို၊ မိဘ၊ ဆွေမျိုး အသိုင်းအဝန်း အားလုံးဟာ ချစ်ထူးကြောင့် အရှက်တကွဲအကျိုးနည်းမဖြစ်စေရပါဘူး. . . ချစ်ထူး မိန်းကလေးပီပီသသဖြစ်သွားပါပြီ. . .

မကြာခင်မှာ ချစ်ထူးဆိုတဲ့မိန်းကလေး လူသိရှင်ကြား အိမ်ထောင်ပြုတော့မှာမို့ အဲဒီအိမ်ထောင်ဖက်ကို ချစ်သည်ဖြစ်စေ၊ မချစ်သည်ဖြစ်စေ အိမ်ထောင်ရှင် မိန်းမကောင်းပီသအောင် မြန်မာမိန်းကလေး ပီသအောင် ချစ်ထူးကြိုးစားသွားပါတော့မယ်. . . အဲဒါ ချစ်ထူးရဲ့ 'ဘာဖြစ်ချင်သလဲ'ဆိုတာပါ။

မိုးကျေ လက်ထဲကို စတီးချိုင့်လေးပေးပြီး ခေါင်းငိုက်စိုက်ချလျက် မင်္ဂလာဆည့်ခန်းမသို့ ချစ်ထူးငယ်ထွက်သွားသလို. . .

သန့်စင်ခန်းဘေးကပ်လျက် နောက်ဘက်ပေါက်သို့ အကြည်ကျော်၏ခြေလှမ်းတွေက ဦးတည်နေပါသည်။

မင်္ဂလာဆည့်ခန်းမ၏အပြင်မှာတော့ မိုးတွေရွာလို့နေပါသည်။

ထို့အတူ မင်္ဂလာဆည့်ခန်းမကြီးထဲ မှာလည်း အဲယားကွန်းဆိုသည့် အအေးဓာတ်ကြောင့် အေးစိမ့် လို့နေပါတော့သည်ခင်ဗျား. .။

ဆက်လက်ကြိုးစားပါဦးမည်ဟု
ကျော်ထူး

www.burmeseclassic.com